# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၆ ခုနှစ် ၊ တန်ခူးလဆန်း(၅)ရက် ၊ ဗုဒ္ဓဟူးနေ့ ၊ (2-4-2025) ၊ အတွဲ (၃၃) ၊ အမှတ် (၃၃၇)


**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့်ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# လျှော်ဘေးဒဏ်သင့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် စေတနာရှင်၊ အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းပွဲ ကျင်းပပြုလုပ်




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ ငလျင်ဘေးဒဏ်သင့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် စေတနာရှင်၊ အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းစဉ်။

**နေပြည်တော် ဧပြီ ၁**

ငလျင်ဘေးဒဏ်သင့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့်ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် စေတနာရှင်၊ အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းပွဲကို ယနေ့ မွန်းလွဲ ၁၂ နာရီခွဲတွင် နေပြည်တော်ရှိ တပေါင်းကွင်း၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားပြီး အလှူငွေများလက်ခံသည်။

အဆိုပါအလှူငွေပေးအပ်လှူဒါန်းပွဲသို့ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ကောင်စီတွဲဖက်အတွင်းရေးမှူး၊ ကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ စေတနာရှင် အလှူရှင်များ၊ ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က


**စာမျက်နှာ ၁၆ ကော်လံ ၁**





## မာဘယ်ကျောက်ပြားစက်ရုံ(မန္တလေး)

အီတလီနိုင်ငံထုတ် ခေတ်မီ စက်ကိရိယာများ အသုံးပြုကာ အီတလီနည်းပညာဖြင့်ထုတ်လုပ်ထားသည့်အရည်အသွေးကောင်းမွန်သော နေပူခံကျောက်ပြား၊ အိမ်တွင်းအလှဆင် ကျောက်ပြားနှင့်ရေချိုးခန်းသုံးကျောက်ပြား အရွယ်အစားမျိုးစုံ . .

**CNC 3D** ရုပ်လုံးဖော်စက်ကြီးများ အသုံးပြု၍ ဗုဒ္ဓဆင်းတုတော်များ၊ ရုပ်ထုများကျောက်ထွင်းပန်းချီကားများ၊ လူသုံးကုန်ပစ္စည်းများ အား ထုတ်လုပ် ဖြန့်ဖြူး ရောင်းချလျက်ရှိပါသည်။

မာဘယ်ကျောက်ပြားစက်ရုံ(မန္တလေး)– ဖုန်း – ၀၉ ၆၉၁၂၁၆၃၉ ၊ ၀၉ ၆၆၉၂၅၉၉၅၄



ရတနာပုံ
၂၀၂၅ ခုနှစ် ဧပြီ ၂ ရက်
အယ်ဒီတာ့အာဘော်

# ငလျင်ဒဏ်ရန်သူကို စည်းလုံးခြင်းဖြင့်အနိုင်ယူ

မြန်မာနိုင်ငံ၌ မတ် ၂၈ ရက် မွန်းလွဲပိုင်းက အင်အားအလွန်ပြင်းထန်သော မြေငလျင်ကြီးနှင့် နောက်ဆက်တွဲငလျင်ငယ်များလှုပ်ရှားမှုကြောင့် စစ်ကိုင်း၊ မန္တလေး၊ မကွေး၊ ပဲခူးတိုင်းဒေသကြီးနှင့် နေပြည်တော်ကောင်စီနယ်မြေ၊ ရှမ်းပြည်နယ် အရှေ့မြောက်ဒေသတို့တွင် ငလျင်ဒဏ်သင့်ခဲ့ရပြီး လမ်း၊ တံတား၊ အဆောက်အအုံများ ထိခိုက်ပျက်စီးခဲ့ကာ ပြည်သူထောင်နှင့်ချီ၍ သေဆုံး၊ ဒဏ်ရာရမှုများဖြစ်ပေါ်ခဲ့ရသည်။

ထိုသို့ အင်အားအလွန်ပြင်းထန်သည့် မြေငလျင်လှုပ်ခတ်မှုကြောင့် အသက်ဆုံးရှုံးမှုများနှင့် ပျက်စီးဆုံးရှုံးခဲ့ရမှုများအတွက် စာနာနားလည်မှုများနှင့်အတူ ထပ်တူခံစားလျက် နိုင်ငံတော်အဆင့်ဝမ်းနည်းခြင်းအထိမ်းအမှတ်နေ့ရက်အဖြစ် မတ် ၃၁ ရက်မှ ဧပြီ ၆ ရက်ထိ ၇ ရက်ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက သတ်မှတ်ကြေညာခဲ့သည်။ နိုင်ငံတကာမှ နိုင်ငံ့အကြီးအကဲများနှင့် အဖွဲ့အစည်းအသီးသီးများ၊ လူပုဂ္ဂိုလ်များကလည်း ထပ်တူဝမ်းနည်းကြောင်း ရေးသားထုတ်ပြန်မှု၊ လှုပ်ရှားမှုများဆောင်ရွက်ကြသည်။ လက်ရှိတွင်လည်း နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုနှင့်အတူ ကူညီကယ်ဆယ်ရေးလုပ်ငန်းများတွင် တိုင်းရင်းသားပြည်သူများက စည်းလုံးညီညွတ်မှုအင်အားဖြင့် ယခုသဘာဝဘေးဒဏ်ကို စိတ်ဓာတ်ခိုင်မာမှု၊ အပြန်အလှန်ဖေးမကူညီမှုတို့ဖြင့် လက်တွဲရင်ဆိုင်ဖြတ်ကျော်ကြရပါမည်။

တိုင်းရင်းသားပြည်သူများ သဘာဝဘေးဒဏ်များကြုံဆုံရပါက ကူညီကယ်ဆယ်ရေးကို အမြန်ဆုံးဆောင်ရွက်နိုင်သူများမှာ အနီးဆုံးရှိ တိုင်းရင်းသားပြည်သူများသာဖြစ်သည်။ ယခုအခါ အင်အားပြင်းငလျင်ကြီးလှုပ်ခတ်ပြီးသည်နှင့် မြန်ပြည်တစ်ဝန်းရှိ တစ်မြေတည်းနေ တစ်ရေတည်းသောက် တိုင်းရင်းသားညီအစ်ကိုအပေါင်းတို့က တတ်စွမ်းသရွေ့ ကူညီမှုများ၊ ငွေကြေးအပါအဝင် ပစ္စည်းစုံလက်မနှေးပါဝင်လှူဒါန်းကြမှုများသည် အပြန်အလှန်ချစ်ကြည်စည်းလုံးမှုရှိကြသော မြန်မာ့စိတ်ဓာတ်တစ်ခုပင်ဖြစ်သည်။

ထို့ပြင် ငလျင်ဘေးဒဏ်သင့်ပြည်သူများအတွက် ပြည်တွင်း၊ ပြည်ပစေတနာရှင်များ ပါဝင်လှူဒါန်းနိုင်ရေး နိုင်ငံတော်က စီစဉ်ဆောင်ရွက်ပေးသည့် ဘဏ်စာရင်း၊ မိုဘိုင်းငွေပေးချေမှုစနစ်များတွင် တတ်စွမ်းသရွေ့ စာနာကူညီပေးပို့လှူဒါန်းမှုများသာမက ငလျင်ဒဏ်သင့်နေရာများ၊ ငလျင်ဒဏ်ကြောင့် ထိခိုက်ဒဏ်ရာရလူနာများထံသို့ ကိုယ်တိုင်ကိုယ်ကျသွားရောက်၍ အားပေးကူညီလှူဒါန်းကြမှုများကလည်း တိုင်းရင်းသားအချင်းချင်း၏ သူတစ်ပါးအခက်အခဲအပေါ် တတ်စွမ်းသရွေ့ ကူညီမှု၊ အရေးကြီးလျှင် သွေးနီးမှုများအဖြစ် မုဒိတာပွားဖွယ်တွေ့မြင်ရသည်။ ထို့အတူ အိမ်နီးချင်းနိုင်ငံများ၊ မိတ်ဆွေနိုင်ငံများ၏ လူသားချင်းစာနာမှုအကူအညီများ၊ အာဆီယံ AHA စင်တာ၏ အကူအညီပေးမှုများကလည်း အထူးကျေးဇူးတင်ဖွယ်ကောင်းသောလုပ်ရပ်များဖြစ်ပါသည်။

ကမ္ဘာအရပ်ရပ်တွင် ဖြစ်ပွားလေ့ရှိသော ဘေးအန္တရာယ်အမျိုးမျိုးအနက် ငလျင်ဘေးသည် ရှောင်လွှဲ၍မရသလို ကြိုတင်၍လည်းမသိနိုင်သော သဘာဝဘေးအန္တရာယ်တစ်မျိုးဖြစ်သည်။ ထို့ကြောင့် ရှောင်လွှဲမရသောငလျင်ဘေးကို အတတ်နိုင်ဆုံးလျှော့ပါးသက်သာရန်လည်းကောင်း၊ အကောင်းဆုံးရင်ဆိုင်နိုင်ရန်လည်းကောင်း ပြည်သူအားလုံး စုပေါင်းညီညွတ်စွာ ဆောင်ရွက်နိုင်ကြပါသည်။ ငလျင်ဘေးကြောင့် ထိခိုက်ဆုံးရှုံးမှုလျှော့ပါးသက်သာအောင် အရည်အသွေးပြည့်မီသော အဆောက်အအုံ၊ လမ်း၊ တံတားဖြစ်စေရန်နှင့် အန္တရာယ်ကင်းစေရန် စီမံဆောင်ရွက်ခြင်း၊ ငလျင်ဆိုင်ရာအသိပညာပေးလုပ်ငန်းများကို ကျယ်ပြန့်စွာဆောင်ရွက်ထားခြင်းတို့ကို လုပ်ဆောင်ကြရမည်ဖြစ်ပါသည်။ မတတ်သာ၍ ငလျင်ဘေးကြုံရလျှင်မူ တိုင်းပြည်နှင့်လူမျိုးကို တန်ဖိုးထားချစ်မြတ်နိုးသော မြန်မာစိတ်၊ လူသားချင်းစာနာထောက်ထားကြသော မွန်မြတ်သည့်စိတ်၊ တိုင်းရင်းသားအချင်းချင်း အတူလက်တွဲကာ ပြဿနာကို ပြေလည်အောင်ဖြေရှင်းကြသော ချစ်ကြည်စည်းလုံးမှုအခြေခံသည့် မြန်မာ့စိတ်ထားတို့ဖြင့် ငလျင်ဒဏ်ရန်သူကို အစဉ်အနိုင်ယူကြရမည်ဖြစ်ပါကြောင်း အကြံပြုရေးသားလိုက်ရပါသည်။

# ချောင်းဦးမြို့နယ်တွင် ပဲတီစိမ်းကေအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး၊ တစ်ဧကလျှင် ၁၈ ဒသမ ၅၇ တင်း ထွက်ရှိ



**ချောင်းဦး ဧပြီ ၁**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ချောင်းဦးမြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ပဲတီစိမ်း ဧကအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ချောင်းဦးမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၂၃၆၅ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသော ပဲတီစိမ်းစိုက်ခင်းများကို ယခုနှစ် ဇန်နဝါရီလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ရာနှုန်းပြည့်ရိတ်သိမ်း ပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၈ ဒသမ ၅၇ တင်း ထွက်ရှိကြောင်း သိရသည်။

"ဆောင်းသီးနှံ စိုက်ပျိုးရာသီက ချောင်းဦးမြို့နယ်မှာ ပဲတီစိမ်း ၂၃၆၅ ဧကထိ စိုက်ပျိုးထားပါတယ်။ အဲဒီ စိုက်ပျိုးထားတဲ့ ပဲတီစိမ်းတွေ လက်ရှိအချိန်မှာတော့ ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီ ဖြစ်ပါတယ်။ ပဲတီစိမ်းစိုက်ပျိုးမှုနဲ့ပတ်သက်ပြီး တိုးချဲ့စိုက်ပျိုးဖို့ ပညာပေးတာတွေ၊ အထွက်နှုန်းကောင်းမွန်ဖို့ ပညာပေးတာတွေ၊ မျိုးကောင်း၊ မျိုးသန့်တွေသုံးစွဲဖို့ ပညာပေးတာတွေရှိပါတယ်" ဟု ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတင့်ဆွေက ပြောပြသည်။

ချောင်းဦးမြို့နယ်တွင် ပဲတီစိမ်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန အနေဖြင့် ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်း၊ မျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာစနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေး ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ပဲတီစိမ်းကို အထွက်နှုန်းကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက နိုင်ငံတွင်းစားသုံးမှု ဖူလုံစေသည့်အပြင် ပြည်ပသို့ပါ ပို့ကုန်အဖြစ် တင်ပို့နိုင်မည် ဖြစ်သောကြောင့် ပဲတီစိမ်းကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းစိုက်ပျိုးကြရမည်ဖြစ်ကြောင်း ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတင့်ဆွေက ပြောပြ၍ သိရသည်။

(၂၀၆)

# နမ့်စန်မြို့နယ် ဟိုင်းနားလေးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**နမ့်စန် ဧပြီ ၁**

ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်ခရိုင် နမ့်စန်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဟိုင်းနားလေးကျေးရွာ၌ နဝမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို မတ် ၃၁ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ နမ့်စန်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဖြိုးဖြိုးအောင်က ကျေးရွာရပ်မိရပ်ဖများ၊ ကျေးရွာတာဝန်ရှိသူများ၊ အသင်းသား၊ အသင်းသူများနှင့် တွေ့ဆုံပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ ရရှိလာမည့် အကျိုးကျေးဇူးများ၊ မြစိမ်းရောင်ကျေးရွာ စီမံကိန်း လက်စွဲစာစောင်ပါ စည်းမျဉ်းစည်းကမ်းများ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေများမှ ကျေးလက်နေပြည်သူများ၏ တာဝန်နှင့် ရပိုင်ခွင့်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ နမ့်စန်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြစိမ်းရောင်ကျေးရွာ စီမံကိန်းတာဝန်ခံဝန်ထမ်းများက စီမံကိန်းစက်ဝန်းကာလသတ်မှတ်ချက်များ၊ အတိုးနှုန်းသတ်မှတ်ချက်များ၊ စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၆၀ ဒသမ ၅ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ဟိုင်းနားလေးကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၁၀၃ ဦးကို ရန်ပုံငွေကျပ် ၆၀ ဒသမ ၅ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**သံသာ**

# ပုတောမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပလာတူးငါးပိသဿချိန် ၇၂၀၀၀ ထိ တင်ပို့နိုင်ခဲ့

**ငပုတော ဧပြီ ၁**

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မတ်လအတွင်း ပလာတူးငါးပိသဿချိန် ၇၂၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ငပုတောမြို့နယ် ရေထွက်ကုန်ပစ္စည်းများရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မိုးမိုးက ပြောပြ၍ သိရသည်။

ငပုတောမြို့နယ်တွင် ပင်လယ်ပြင်မှ သဘာဝအတိုင်းဖမ်းယူရရှိသည့် ပလာတူးငါးများကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ ပြီးခဲ့သည့် ဖေဖော်ဝါရီလအတွင်း ပလာတူးငါးပိသဿချိန် ၄၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ပြီး မတ် ၁ ရက်မှ ၃၁ ရက်ထိ တစ်လအတွင်း ပလာတူးငါး ပိသဿချိန် ၇၂၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ပြီးခဲ့တဲ့တစ်လထဲမှာ ပလာတူးငါးတွေ အဝယ်လိုက်ခဲ့ပါတယ်။ ပြည်တွင်းဈေးကွက်မှာကို အဝယ်လိုက်နေတာပါ။ အရင်လတွေကထက် ပိုမိုတင်ပို့ ရောင်းချခဲ့ရပါတယ်။ ပြီးခဲ့တဲ့ ဖေဖော်ဝါရီလကထက် ပလာတူးငါး ပိသဿချိန် ၂၇၀၀၀ လောက် ပိုမိုတင်ပို့ရောင်းချနိုင်ခဲ့တာပါ။ ငပုတောမြို့နယ်ဘက်က ပုစွန်တွေ၊ ကဏန်းတွေအပြင် ပလာတူးငါးတွေကို တင်ပို့ ရောင်းချနေပါတယ်။ ပလာတူးငါးတွေကို ငပုတောမြို့ကနေ ရန်ကုန်ဈေးကွက်ကို အဓိက တင်ပို့ရောင်းချတာပါ။ ပုံမှန်ထက် အရောင်းအဝယ်ပိုမိုသွက်လာတော့ ရေလုပ်သားတွေ၊ ကုန်သည်တွေ အလုပ်အကိုင်အခွင့်အလမ်း အဆင်ပြေနေပါတယ်"ဟု ငပုတောမြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မိုးမိုးက ပြောပြသည်။

ငပုတောမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ပလာတူးငါးတစ်ပိသဿလျှင် ငွေကျပ် ၁၈၅၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါ ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များသည် ပလာတူးငါးအပါအဝင် ငါးအမျိုးမျိုး၊ ပုစွန်အမျိုးမျိုး၊ ကဏန်းများကို ဝယ်ယူပြီး စနစ်တကျ သန့်စင်ထုပ်ပိုး၍ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချနေကြောင်း သိရသည်။

**ကျော်ကျော်လင်း**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ပွင့်ဖြူမြို့နယ်တွင် စပါး ၉၂၀၆ ဧကထိ စိုက်ပျိုးပြီးစီး လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ရန် ဆောင်ရွက်လျက်ရှိ

**ပွင့်ဖြူ ဧပြီ ၁**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ်တွင် စပါး ၉၂၀၆ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပြီး လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်တွင် နွေသီးနှံစိုက်ပျိုးရာသီ၌ စပါး ၃၃၂၃၅ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မတ်လ ပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၉၂၀၆ ဧက စိုက်ပျိုး ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ပွင့်ဖြူမြို့နယ် နွေသီးနှံစိုက်ပျိုးရာသီမှာ စပါး ၃၃၂၃၅ ဧက စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ စပါး ၉၂၀၆ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပြီး လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်နေပါတယ်။ နွေစပါးစိုက်တောင်သူတွေကို စိုက်ပျိုးရေးဆိုင်ရာ နည်းပညာတွေပေးတာ၊ ပိုးမွှားကျရောက်မှု ကာကွယ်ရေးအသိပညာပေးတာ၊ မြေဩဇာနဲ့ စိုက်ပျိုးရေးသွင်းအားစုတွေ စနစ်တကျ သုံးစွဲတတ်အောင် ကြိုးကြပ်တာတွေစတဲ့ အသိပညာပေးလုပ်ငန်းတွေကို ဆောင်ရွက်ပေးနေပါတယ်" ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြသည်။

ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် နွေစပါးစိုက်တောင်သူများ အနေဖြင့် တစ်ဧကအထွက်နှုန်းတိုးတက်ရေးနှင့် ပန်းတိုင်အထွက်နှုန်းထွက်ရှိရေးအတွက် မျိုးကောင်းမျိုးသန့်များရရှိအောင် ဆောင်ရွက်ပေးခြင်း၊ နည်းပညာပေး ဆွေးနွေးပွဲများနှင့် သင်တန်းများ ဆောင်ရွက်ခြင်း၊ လိုအပ်သည့် စိုက်ပျိုးရေးသွင်းအားစုများ အချိန်မီရရှိစေရေး ဆောင်ရွက်ပေးခြင်း စသည့် အသိပညာပေး လုပ်ငန်းများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် သက်ဆိုင်ရာ ဆက်စပ်ဌာနများက ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

စပါးကို အထွက်နှုန်းကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးလာမည်ဖြစ်သောကြောင့် စပါးကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရန် ဒေသမရွေးကြိုးပမ်းဆောင်ရွက်သင့်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြ၍ သိရသည်။

ရဲဝင်းနိုင်(ညောင်ဦး)



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် ပုသိမ်ကြီးမြို့နယ် မင်္ဂလာသုဘောဒါရာမကျောင်း မယ်ဇလီကျေးရွာ ဆရာတော် ဦးပညာနန္ဒက ဆေးပဒေသာပင်အလှူငွေကျပ် ၃၀၀၀၀၀ လှူဒါန်းရာ ဆေးရုံအုပ် ဒေါက်တာ ဦးတင်ဝင်းက လက်ခံရယူစဉ်။

# ကျွန်းလှမြို့နယ်တွင် နေကြာဧကအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး တစ်ဧကလျှင် ၂၃ ဒသမ ၄ တင်းထွက်ရှိ



**ကျွန်းလှ ဧပြီ ၁**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကျွန်းလှမြို့နယ်တွင် နေကြာဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၂၃ ဒသမ ၄ တင်း ထွက်ရှိကြောင်း ကျွန်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကျွန်းလှမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာသီးနှံ ၁၂၂၉ ဧကထိစိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသော နေကြာစိုက်ခင်းများကို ယခုနှစ် ဇန်နဝါရီလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့ထိ ဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ကျွန်းလှမြို့နယ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ နေကြာ ၁၂၂၉ ဧကထိစိုက်ပျိုးထားပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ နေကြာခင်းတွေ အခုလက်ရှိမှာ ဧကအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ပြည်ပမှတင်သွင်းတဲ့ စားအုန်းဆီကို လျှော့ချနိုင်ဖို့ ဆီထွက်သီးနှံဖြစ်တဲ့ နေကြာကို တိုးချဲ့စိုက်ပျိုးရေး ဆောင်ရွက်ပေးခဲ့ပါတယ်။ ဆီထွက်သီးနှံဖြစ်တဲ့နေကြာဟာ တစ်ဧက ဆီထွက်ရှိမှုက ကျန်တဲ့ မြေပဲ၊ နှမ်းတွေထက် များတယ်။ နေကြာကို မိုးမှာထက် ဆောင်းမှာအဓိကထားစိုက်ကြတာပါ"ဟု ကျွန်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောပြသည်။

နေကြာကို အထွက်နှုန်းကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေသည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးလာမည်ဖြစ်သောကြောင့် နေကြာကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရန် ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း ကျွန်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောပြ၍ သိရသည်။ (၂၀၆)

# တောင်တွင်းကြီးမြို့နယ် ပန်းသွင်းလေးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း စစ်ဆေး

**တောင်တွင်းကြီး ဧပြီ ၁**

မကွေးတိုင်းဒေသကြီး မကွေးခရိုင် တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပန်းသွင်းလေးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို မတ် ၃၁ ရက်က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးခုတ်မွန်းလျန်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ပန်းသွင်းလေးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများနှင့် အခြားစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများကိုလည်းကောင်း၊ ချေးငွေစာချုပ်ပါ အတိုင်း လုပ်ငန်းဆောင်ရွက်မှု ရှိ၊ မရှိကို လည်းကောင်း၊ စာရင်းဇယားများ ဆောင်ရွက်ထားရှိမှု အခြေအနေများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပြီး ယခုအခါတွင် စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၄၅ဦး၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၇၂ ဦး၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူလေးဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၂၁ ဦးတို့ကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၄၄၇ သိန်း ထုတ်ချေးပေးထားကြောင်း တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးက ဆက်လက်ပြောပြ၍ သိရသည်။

နွဲ့ယဉ်

# မိုင်းကိုင်မြို့နယ် ကျေးရွာနှစ်ရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေ ထုတ်ချေး

**မိုင်းကိုင် ဧပြီ ၁**

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်ခရိုင် မိုင်းကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာနှစ်ရွာ၌ ဒသမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများမှ ပန်ဟတ်ကျေးရွာအုပ်စု ပန်ဟတ်ကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မိုင်းကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးခွန်ကျော်စိမ်းက ပန်ဟတ်ကျေးရွာနှင့် ကိုးလုံးကျေးရွာများရှိ ကျေးလက်နေပြည်သူများ စိုက်ပျိုးရေးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်ရန်နိုင်နှင့်တိုးပွားလာသောရန်ပုံငွေများဖြင့် ကျေးရွာတွင်းဖွံ့ဖြိုးရေးလုပ်ငန်းများကိုအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် စသည့်ရည်ရွယ်ချက်များဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံနှင့်ဝန်ထမ်းများက စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းနှင့်ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များထံ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၅၁၂ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့်မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ပန်ဟတ်ကျေးရွာနှင့် ကိုးလုံးကျေးရွာတို့ရှိ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်မည့် စုစုပေါင်းအသင်းသား၊ အသင်းသူ ၅၁ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၅၁၂ သိန်း ထုတ်ချေးပေးခဲ့ကြောင်း မိုင်းကိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

ချိုသန်းညွန့်



# အသဝတ်မွှာသင်္ချိုင်းဂူဘုရားကျောက်စာ

မောင်သာ(ရှေးဟောင်းသုတေသန)

ပုဂံခေတ်နှောင်းပိုင်းကာလတွင် နန်းတက်ခဲ့သည့် ဥဇနာမင်း(၁၂၄၉-၁၂၅၆) လက်ထက်တွင် ကွယ်လွန်ခဲ့သည့် အသဝတ်မွှာအမည်ရှိ အမတ်ကြီးတစ်ဦးရှိခဲ့သည်။ ထိုအမတ်ကွယ်လွန်ပြီးနောက် ဇနီးဖြစ်သူသည် အမတ်ကြီး၏သင်္ချိုင်း၌ ဂူနှင့်ဘုရားကျောင်းတည်၍ လယ်နှင့်ကျွန်များကို လှူဒါန်းခဲ့သည်။ ထိုလှူဒါန်းမှုနှင့်စပ်လျဉ်းသည့် လှူဒါန်းမှုရည်ရွယ်ချက်၊ အလှူပစ္စည်းများ၊ ဆုတောင်း၊ ကျိန်စာနှင့် ကုန်ကျစရိတ်အားလုံးကို အသေးစိတ်ရေးထိုးထားသည့် ကျောက်စာကိုစိုက်ထူခဲ့သည်။

ထိုကျောက်စာကို စောလှဝန်းဘုရားတွင် တွေ့ရှိခဲ့ကာ အသဝတ်မွှာသင်္ချိုင်းဂူဘုရားကျောက်စာဟု ထင်ရှားခဲ့သည်။ ယခုအခါတွင် ထိုကျောက်စာကို ပုဂံရှေးဟောင်းသုတေသနပြတိုက်တွင် ကျောက်စာတိုင်အမှတ်(၄၄) အဖြစ် စာရင်းသွင်းကာ ထိန်းသိမ်းထားသည်။

စောလှဝန်းသည် မင်းနန်သူရွာ၏ အနောက်မြောက်ဘက်တွင်တည်ရှိသည့် ဂူဘုရားကြီးတစ်ဆူဖြစ်သည်။ စောလှဝန်းဂူဘုရားအနီးတွင် ရှေးဟောင်းအဆောက်အအုံများ စုစည်းတည်ရှိနေသဖြင့် ထိုနေရာကို စောလှဝန်းအစုဟုခေါ်ဆိုသည်။ စောလှဝန်းဂူဘုရားအတွင်းမှ အခြားကျောက်စာနှစ်ချပ်ကိုတွေ့ရှိခဲ့ပြီး ယခုကျောက်စာကို စောလှဝန်းဘုရားတံတိုင်းအတွင်းမှ တွေ့ရှိခဲ့သည်ဟု ယူဆရသည်။

**ဥဇနာမင်းနှင့် အသဝတ်မွှာ အမတ်ကြီး**

ဇာတာတော်ပုံကျမ်းအလိုအရ ကျစွာမင်း(၁၂၃၅-၁၂၄၉)သည် ၁၂၄၉ ခုနှစ်တွင် အနိစ္စရောက်ခဲ့ပြီး တူတော်ဥဇနာက ပုဂံထီးနန်းကိုဆက်ခံခဲ့သည်။ ဥဇနာ၏ခမည်းတော် နရသိင်္ဃဥဇနာ(၁၂၃၁-၁၂၃၅) သည် ကျစွာမင်း၏ နောင်တော်အရင်းဖြစ်သည်။ ဥဇနာမင်း၏ဘွဲ့အမည်သည် ဂြိတြိဘာဝနပဝရဒိတျဓမ္မရာဇာဇေယျသူရဖြစ်သည်။

ရာဇဝင်ကျမ်းများတွင် ဒုတိယဥဇနာမင်းဟုလည်းဖော်ပြသည့် ဥဇနာမင်းသည် အောက်ပြည်အောက်ရွာ ဒလသို့ရောက်ရှိစဉ် အနိစ္စရောက်ခဲ့သဖြင့် ဒလပျံမင်းဟုလည်းခေါ်ဆိုခဲ့ကြသည်။ ပထမဥဇနာသည် ခမည်းတော်နရသိင်္ဃဥဇနာဖြစ်သည်။

ပုဂံကျောက်စာအချို့တွင် ပုဂံခေတ်အမတ်အမည်များကိုတွေ့ရှိပြီး သမိုင်းပညာရှင် ဒေါက်တာတိုးလှ၏ သုတေသနပြုချက်အရ နရသိင်္ဃဥဇနာမင်းလက်ထက်တွင် ပုဂံအမတ်ကြီး ၁၁ ဦးရှိခဲ့သည်။ ထိုအမတ်များစာရင်းတွင် အသဝတ်မွှာအမည်ရှိ အမတ်ကြီးတစ်ဦးပါဝင်ခဲ့သည်။

နရသိင်္ဃဥဇနာမင်းကိုဆက်ခံသည့် ကျစွာမင်းလက်ထက်တွင်လည်း အမတ်ကြီး ၁၁ ဦးအမည်ကို တွေ့ရှိရပြီး ကျစွာမင်းလက်ထက် အမတ်ကြီးများစာရင်းတွင် အသဝတ်မွှာအမည်ကို ထပ်မံတွေ့ရှိရသည်။ မင်းနှစ်ပါးလက်ထက် အမတ်ကြီး ၂၂ ပါးအနက် အသဝတ်မွှာသည် မင်းနှစ်ဆက်လုံး၏ အမတ်များအမည်စာရင်းတွင်ပါရှိသဖြင့် တစ်ဦးတည်းဟု ယူဆရသကဲ့သို့ နရသိင်္ဃဥဇနာမင်းလက်ထက်နှင့် ကျစွာမင်းလက်ထက်နှစ်ခုလုံးတွင် အမတ်ကြီးတာဝန်ထမ်းဆောင်ခဲ့ဟန် ရှိပေသည်။

အသဝတ်မွှာအမည်ကို နရသိင်္ဃဥဇနာမင်းလက်ထက်၊ သက္ကရာဇ် ၅၈၆ ခုက ရေးထိုးခဲ့သည့် အသင်္ခယာမင်းမယား ကျောက်စာတွင် ရဲဆုရသည့် အမတ်တစ်ဦးအဖြစ် တွေ့ရှိရသကဲ့သို့ ဥဇနာမင်းလက်ထက်၊ သက္ကရာဇ် ၅၉၈ ခုက ရေးထိုးခဲ့သည့် အသဝတ်မွှာ သင်္ချိုင်းဂူဘုရားကျောက်စာတွင် မင်းနှင့်အကျွမ်းဝင်သောအမတ်ဟု တွေ့ရှိရသည်။

**အသဝတ်မွှာကျောက်စာ**

အသဝတ်မွှာသင်္ချိုင်းဂူဘုရားကျောက်စာသည် မူလထိုး နှစ်မျက်နှာကျောက်စာဖြစ်၍ ရှေ့ဘက်မျက်နှာတွင် စာကြောင်းရေ ၃၁ ကြောင်းနှင့် ကျောဘက်မျက်နှာတွင် စာကြောင်းရေ ၃၀ ရေးထိုးထားသည်။ ကျောက်စာရေးထိုးသော ခုနှစ်ကို သက္ကရာဇ် ၅၉၈ ခု၊ ကြတိုက်နှစ်ဟု ဖော်ပြထားသည်။

ကျောက်စာရေးထိုးသည့်ကာလသည် ဥဇနာမင်းလက်ထက်ဖြစ်သည်။ အသဝတ်မွှာ သင်္ချိုင်းဂူဘုရားကျောက်စာသည် အလှူမှတ်တမ်းကျောက်စာဖြစ်သော်လည်း လှူဒါန်းမှုကုန်ကျစရိတ်များကို အသေးစိတ်ရေးထိုးထားသဖြင့် မျက်မှောက်ခေတ် ငွေစာရင်းရှင်းတမ်းတစ်ခုနှင့် တူညီနေပေသည်။

ထိုမင်း၏ အမတ်ဖြစ်သော်လည်း မင်း၏အမည်ကို ရေးထိုးထားခြင်း မရှိချေ။ သို့သော် ကျောက်စာရေးထိုးချိန်သည် ဥဇနာမင်းလက်ထက်ဖြစ်သဖြင့် ကျောက်စာပါမင်းသည် ဥဇနာမင်းဖြစ်လျှင် အသဝတ်မွှာအမတ်သည် ဥဇနာမင်းလက်ထက်တွင်လည်း အမတ်ကြီးတစ်ဦးဖြစ်ကြောင်း ယူဆဖွယ်ရှိပေသည်။ အသဝတ်မွှာသည် မင်းနှင့်အကျွမ်းဝင်သည့်အမတ်တစ်ဦးဖြစ်ခဲ့ပြီး ထိုအမတ်၏သင်္ချိုင်း၌ မယားဖြစ်သူက သဒ္ဓါတရားထက်သန်စွာ အလှူပြု၍ ကျောက်စာရေးထိုးခဲ့သည်။

**❖အသဝတ်မွှာသင်္ချိုင်းဂူဘုရားကျောက်စာသည် ကွယ်လွန်သူအမတ်တစ်ပါးဖြစ်သည့် အသဝတ်မွှာ၏ ဇနီးမယားက ရေးထိုးခဲ့သည့် အလှူမှတ်တမ်းကျောက်စာဖြစ်သော်လည်း ကျောက်စာတွင် မယား၏အမည်ကို ထည့်သွင်းရေးထိုးခဲ့ခြင်းမရှိချေ။ သို့သော် ထိုကျောက်စာသည် အခြားသောပုဂံခေတ် အလှူမှတ်တမ်းကျောက်စာများထက် ထူးခြားစွာ ပုဂံခေတ်သက္ကရာဇ် ၅၉၈ ခုတွင်ရှိခဲ့သည့် ငွေကြေးတန်ဖိုးများ၊ ပစ္စည်းဈေးနှုန်းများ၊ ပန်းချီ ပန်းပုပညာသည်များနှင့် လုပ်သားများ၏ လုပ်အားခငွေများကို ပြည့်စုံစွာရေးထိုးထားသဖြင့် ပုဂံခေတ်နှောင်းပိုင်း လူမှုရေးအနေအထားတစ်ရပ်ကို ခိုင်မာစွာသက်သေပြနိုင်သည့် အထောက်အထားတစ်ရပ်ဖြစ်လာခဲ့ပေသည်။ ❖**

ကျောက်စာရေးထိုးသူသည် အမတ်အသဝတ်မွှာ၏မယားဖြစ်၍ ထိုကျောက်စာသည် သင်္ချိုင်းဂူ၊ ကျောင်း၊ ကျွန် ၁၂ ဦး၊ လယ် ၆၁ နှင့် နွားငါးကောင်လှူသည့် မှတ်တမ်းဖြစ်သည်။ အလှူရှင်၏ရည်ရွယ်ချက်သည် ဘုရားအစရှိသော သခင်သံဃာများ လိုအပ်သော ဆေးဝါးရရှိစေရန်ဖြစ်သည်။ လှူဒါန်းသည့်ကုသိုလ်ကြောင့် သတ္တဝါခပ်သိမ်းနိဗ္ဗာန်ရောက်စေကြောင်း ဆုတောင်းခဲ့သည်။ အလှူရှင်၏ဆုတောင်းချက်သည် အလွန်ကြီးမားကျယ်ဝန်းလှကြောင်း တွေ့ရှိရပေသည်။

ဆုတောင်းစာနှင့် အတူကျိန်စာကိုလည်း ရေးထိုးခဲ့ရာ နောင်အခါတွင် သား၊ မြေး၊ မြစ်၊ ဆွေမျိုးများက မိမိလှူဒါန်းထားသည့် လယ်၊ ကျွန်၊ နွားတို့ကို လုစားရစ်ပါက အပါယ်လေးပါး၊ ငရဲလား၍ ဘုရားရှင်ကို မဖူးရစေနှင့်ဟု ကျိန်ဆိုခဲ့သည်။

အလှူမှတ်တမ်းကျောက်စာတွင် လှူဒါန်းမှုပြုသည့် လယ်များ၏သမိုင်းကြောင်းနှင့်အတူ တံတိုင်းတည်ဆောက်ခ၊ လှည်းခ၊ လက်ခ စသဖြင့်ကုန်ကျငွေများကို တွက်ချက်ပြခဲ့သည်။ အထူးသဖြင့် ကျောက်စာကျောဘက်မျက်နှာတွင် လက်ခငွေများ၊ သစ်ဖိုးကုန်ကျငွေ၊ ပန်းချီ၊ ပန်းပု၊ ပန်းပဲစသည့် အတတ်ပညာရှင်များကို ပေးရသည့်ငွေ၊ အသုံးပြုခဲ့သည့် အုတ်၊ အင်္ဂတေ၊ သစ်စသည့် ပစ္စည်းများ၏ တန်ဖိုးကို စာရင်းပြုစုရေးထိုးခဲ့သည်။

**ကျောက်စာပါ စာသားများ**

ကျောက်စာအစတွင် စာကြောင်းရေ ၄ ထိ အမတ်ကြီးသင်္ချိုင်း၌ သဒ္ဓါတရားဖြင့် ဂူအလှူပြုကြောင်းကို ပါဠိဘာသာဖြင့် ရေးထိုးထားသည်။ ဆက်လက်၍ နှလုံးမွေ့လျော်ဖွယ်ကောင်းသော အရိမဒ္ဒနပူရမည်သောပြည်၌ အကြင်မင်းကားမြတ်စွာသောတရားမင်းဟုအစချီကာ ကျောက်စာတစ်ချပ်လုံးကို မြန်မာဘာသာဖြင့် ရေးထိုးခဲ့သည်။

ကျောက်စာရေးထိုးချက်အရ အသဝတ်မွှာသည်

အသဝတ်မွှာမယားလှူခဲ့သည့် ကျွန်အမည်များကို ကုလာစည်တူနှင့် မယားကန္ဒူ၊ ရင်ကာနှင့် မယားစန္ဒူ၊ ဝလောနှင့် မယားတိန္ဒူစသည်ဖြင့် မှတ်တမ်းတင်ထားရာ ကျွန်စုစုပေါင်း ၁၂ ယောက်ဖြစ်သည်။ ကျွန်တချို့တွင် လင်မယားသာမက သမီးပါ ပါဝင်ခဲ့သည်။ လှူဒါန်းသည့်လယ်များကို သုံးနေရာခွဲပြီး ဖော်ပြထားရာ သက်လွှတ်အရပ်၌ ၃ လယ်၊ ရိယ်ကြာသည် အရပ်၌ ၇ လယ်၊ ရိယ်တင် ပုစ္စန်ချလယ်၌ လယ် ၅၀ ဖြစ်သည်။ ကျောက်စာတွင် စုစုပေါင်း လှူဒါန်းသည့် လယ် ၆၁ ဟု ရေးထိုးထားသော်လည်း ကျန်သည့် လယ်တစ်ခု၏တည်နေရာကို ဖော်ပြထားခြင်းမရှိချေ။

လယ်နှင့် ကျွန်များအပြင် နွားငါးကောင်ကိုလည်း လှူဒါန်းခဲ့ကာ လယ်များလှူခြင်းသည် ဘုရားအစပြုသည့် သံဃာများပစ္စည်းဆေးဝါး အလိုရှိချိန်တွင် ရစေသတည်းဟု ရေးထိုးခဲ့သည်။

အသဝတ်မွှာ၏မယားသည် မိမိလှူသည့် လယ်များ၏ သမိုင်းကြောင်းကိုဖော်ပြခဲ့ရာ ရိယ်တင်အရပ်မှ ပုစ္စန်ချလယ်များသည် သမီးသခင်အပိုင်ပေးခဲ့သောလယ်များဖြစ်ကြောင်း၊ အသဝတ်မွှာမင်းကို ထိုလယ်ကိုစားရစ်လိုလျှင် ခုတ်ထွင်စားသောက်ရန် ပေးခဲ့သဖြင့် ခုတ်ထွင်ကာရထားသည့် လယ်များဖြစ်ကြောင်း ပိုင်ဆိုင်မှုနောက်ကြောင်းဖြစ်ရပ်များကို ရှင်းလင်းဖော်ပြခဲ့သည်။

တံတိုင်းပြုလုပ်သည့်အုတ်ဟု ရေးထိုးထားသည့် စာကြောင်းတွင် စာသားများပျက်နေသဖြင့် လှည်းခ ၇၈ ကျပ်၊ ဂူပြုလုပ်သည့် အုတ်လှည်းခ ၅ ကျပ်ဟုသာ ဖတ်ရှုရသည်။ ဂူဖွဲ့သော ဘုရားခ၊ ကျောင်း၊ စကြံ အစရှိသည့် စာသားများကို ဖတ်ရှု၍ရသော်လည်း ကျန်စာသားများပျက်နေသဖြင့် ဆက်စပ်ဖတ်ရှုနိုင်ခြင်းမရှိချေ။

ကျောက်စာ၏ ကျောဘက်မျက်နှာတွင် အလှူရှင်၏ လှူဒါန်းမှုတွင်ပါဝင်ဆောင်ရွက်သည့် ပန်းပဲ၊ ပန်းချီ၊ ပန်းပုပညာသည်များကို ပေးရသည့် လက်ခငွေများကို ရေးထိုးထားသည်။ ပန်းပဲသမားကို ၄ ကျပ်၊ ဂူ၌ ပန်းချီရေးဆွဲသူကို ၇ ကျပ်၊ ကျောင်းတွင် ပန်းချီရေးသူကို ၁၂၀ ကျပ်၊ ပန်းပုသမားကို ၃၀ ကျပ်၊ ဘုရားဆင်းတုထုသူကို ၂၀ ကျပ်၊ တိုက်နံရံဆေးသုတ်သူကို ၂ ကျပ်၊ နန်းရေးသူကို ရွှေ ၂ ကျပ်ပေးရကြောင်း စသဖြင့် ဖော်ပြထားသည်။

ဆက်လက်၍ ပစ္စည်းဖိုးကုန်ကျငွေများကို ရေးထိုးထားရာ ကနားပြင်သစ်ဖိုး ၁၀ ကျပ်၊ တံတိုင်းအတွက်ကျောက်ဖိုး ၃ ကျပ်ခွဲ၊ ဂူကျောင်းတံခါးမုခ်စုံ အင်္ဂတေဖိုး ခွက် ၃ ချပ်အတွက် ငွေ ၁၃ ဟု ဖော်ပြထားသည်။ အလှူပြုလုပ်ရန် သစ်သားဖြင့် မဏ္ဍပ်ကနားတည်ဆောက်ခဲ့မည်ဟု ယူဆရသည်။

အင်္ဂတေဟူသည့် ခေတ်သုံးဝေါဟာရကို ပုဂံခေတ်ကတည်းက သုံးစွဲခဲ့ကြောင်းတွေ့ရှိရကာ အင်္ဂတေဖျော်စပ်မှုကို ထောင်းသူက ပိသည်ဟု သုံးစွဲမှုကို ဖတ်ရှုရသည်။ အုတ်နှစ်ဖိုအတွက် ကုန်ကျငွေကို ရေးထိုးထားမှုအရ အုတ်ကိုဖိုတည်၍ ထုတ်လုပ်ကြောင်းသိရှိနိုင်ပေသည်။

ပုဂံခေတ်က လုပ်အားခကို ငွေပေးသကဲ့သို့ ဖျင်အကျီ၊ ခါးစည်း စသည်တို့ကိုလည်းပေးကြောင်း၊ ရိက္ခာအဖြစ်စပါးကိုပေးကြောင်း၊ မြင်းကိုလည်း ပေးကြောင်း ကျောက်စာမှတစ်ဆင့် သိရှိရသည်။ စပါးတန်ဖိုးသည် ၄ တင်းအတွက် ၂ ကျပ်၊ ကွမ်းသီးတန်ဖိုးသည် အလုံး ၁၃၅၀ အတွက် ငွေ ၂ ကျပ်၊ ဖျင်ဖြူတန်ဖိုးသည် တစ်ထည်အတွက် ငွေတစ်ကျပ်၊ နွားတန်ဖိုးသည် ၅ ကောင်အတွက် ငွေ ၂၀ ကျပ်၊ ရွှေတန်ဖိုးသည် တစ်ကျပ်ခွဲသားအတွက် ၁၂ ကျပ် ၊ အုတ်တန်ဖိုးသည် တစ်ဖိုအတွက် ၆၀ ကျပ် စသည်ဖြင့် ပုဂံခေတ်ပစ္စည်းဈေးနှုန်းများကို သိရှိရပေသည်။

**ကျောက်စာပါ ပုဂံခေတ်သုံးဝေါဟာရများ**

အသဝတ်မွှာသင်္ချိုင်းဂူဘုရားကျောက်စာကို အရိမဒ္ဒနပုရာရမ္မေဟု အစချီကာ ပါဠိဘာသာဖြင့် စတင်ရေးထိုးခဲ့သည်။ အရိမဒ္ဒနပူရဟူသည့် ပုဂံမင်းနေပြည်အမည်ကို ရာဇကုမာရ်ကျောက်စာတွင်လည်း တွေ့ရှိရသည်။

ကျောက်စာအစမှာပင် ဝါကျအရှည်၊ အတိုများကို ရေးသားခဲ့ရာ နှလုံးမွေ့လျော်ဖွယ်ရှိသောအရိမဒ္ဒနပူရမည်သောပြည်၌အား အကြင်မင်းတည်းဟု ဝါကျရှည်ဖြင့်အစပြုပြီးမှ ထိုမင်း၏အမတ်တျာကား အသဝတ်မည်၏တည်းဟု ဝါကျတိုဖြင့် တိုတိုရှင်းရှင်း ရေးထိုးထားသည်။

ကျောက်စာတွင် ရေးထိုးထားသည့် ထူးခြားသော ဝေါဟာရများသည် လက်မှုပညာသည်များနှင့် အဖိုးအခများဖြစ်သည်။ ပုဂံခေတ်တွင်သုံးခဲ့သည့် ပန်ဖယ်(ပန်းပဲ)၊ ပန်ခီ(ပန်းချီ)၊ ပန်ပု(ပန်းပု)စသည့် စကားလုံးများသည် ယနေ့တိုင်အသုံးတွင်နေသည့် ဝေါဟာရများဖြစ်ကြသည်။

ပုရှာသမားသည် ဘုရားဆင်းတု ထုလုပ်သူဖြစ်၍ အင်္ဂတေထောင်းသူသည် အင်္ဂတေပိသူဖြစ်သည်။ တည်ဆောက်သည်ဟူသည့် အဓိပ္ပာယ်ကို ဖွဲ့သည်ဟု သုံးထားသည့် ကုလားကျောင်းဖွဲ့သည်ဟူသည့် အသုံးအနှုန်းကိုလည်း တွေ့ရှိရသည်။

ကျောင်းအဆောက်အအုံ၏ အစိတ်အပိုင်းများဖြစ်သည့် အချင်တန်း(ရနာယ်)ထုတ်၊ လျောက်ဟူသည့် ဝေါဟာရများကို သုံးစွဲနေပြီဖြစ်သည်။

ထန်းလျက်ကို အညက်ဟုလည်းကောင်း၊ ပျားရည်၊ ပျားဖယောင်းကို ပျာဟုလည်းကောင်း၊ ဆေးဒါန်းကို စိယ်တန်၊ ဟင်္သပဒါးကို ဟင်္သပတာ၊ ချိတ်ကို ခြိတ်၊ ရိက္ခာကို ရိခါ၊ ဝါခြည်အင်္ကျီကို ပုခြည်ဖျင်၊ အင်္ကျီကို ဖျင်၊ လူသွားလမ်းကိုစင်ကြံ စသဖြင့် သုံးစွဲထားကြောင်း တွေ့ရှိရပေသည်။

စာမျက်နှာ ၅ သို့ ➤

## လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**"လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်နေသည့်မြို့ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေ ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အစမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။"**

( ၃-၉-၂၀၂၄ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက် )

## ပုသိမ်ခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ဗိုလ်ကိတ်ပဲ ၇၅၀၅ ဧကထိ ရိတ်သိမ်းပြီးစီး



**ပုသိမ် ဧပြီ ၁**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့်ဗိုလ်ကိတ်ပဲ ၇၅၀၅ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပုသိမ်ခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဗိုလ်ကိတ်ပဲ ၂၀၂၀၆ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး အဆိုပါ စိုက်ပျိုးခဲ့သည့် ဗိုလ်ကိတ်ပဲစိုက်ခင်းများကို ယခုနှစ် ဖေဖော်ဝါရီလ ပထမပတ်က စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ဗိုလ်ကိတ်ပဲ ၇၅၀၅ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး ဗိုလ်ကိတ်ပဲတစ်ဧကလျှင် ၁၄ ဒသမ ၈၈ တင်းထိ ထွက်ရှိခဲ့ကြောင်း သိရသည်။

"ဆောင်းသီးနှံစိုက်ပျိုးရာသီက ပုသိမ်ခရိုင်မှာ ဗိုလ်ကိတ်ပဲ ဧက ၂၀၀၀၀ ကျော်ထိကို လျာထားစိုက်ပျိုးနိုင်ခဲ့ပါတယ်။ လက်ရှိ ဗိုလ်ကိတ်ပဲ ၇၅၀၅ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ဆောင်းသီးနှံတွေ လျာထားဧကပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့ စိုက်ပျိုးရေးဦးစီးဌာနအနေနဲ့ လိုအပ်တဲ့ သွင်းအားစုတွေ၊ စိုက်ပျိုးနည်းစနစ်တွေနဲ့ သီးနှံတွေအချိန်မီရိတ်သိမ်းနိုင်ရေးနည်းပညာတွေကိုလဲ စနစ်တကျ စီမံဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်အေးအေးမူက ပြောပြသည်။

ပုသိမ်ခရိုင်တွင် ဆောင်းသီးနှံ ဗိုလ်ကိတ်ပဲအပါအဝင် ဆောင်းသီးနှံများ အောင်မြင်ဖြစ်ထွန်းပြီး အထွက်နှုန်း ကောင်းမွန်စေရေးအတွက် ဒေသခံတောင်သူများ၊ စိုက်ပျိုးရေးဦးစီးဌာနနှင့်ဆက်စပ်ဌာနများက ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ဗိုလ်ကိတ်ပဲသီးနှံများကို အထွက်နှုန်းကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖူလုံနိုင်မည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်ရာ ဗိုလ်ကိတ်ပဲသီးနှံများကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်အေးအေးမူက ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

## လျှောင်အန္တရာယ် တို့ကာကွယ်

- သဘာဝဘေးအန္တရာယ် ဖြစ်ရပ်များ
  တွေ့ရှိထား ယနေ့ကမ္ဘာ၊
  စဉ်ဆက်မပြတ် လေ့လာထား
  များပြားလို့သာ၊
  ဆုံးရှုံးကြ ပစ္စည်းဥစ္စာ
  အသက်ခန္ဓာ ရေးကြီးလှ၊
  ဘေးအန္တရာယ် လျော့နည်းပါးအောင်
  အားထုတ်စေကြ။

- ဘေးအန္တရာယ် ဟူသမျှ
  ခန့်မှန်းရ အနီးဆုံးပေ၊
  လျှပ်စီးပြင်းထန်မှုဖြစ်ခြင်း ကြိုမသိကြ
  မှတ်သားရလေ၊
  ကြေညာချက်နဲ့ဖြစ်ရပ်တွေ
  သင်ခန်းစာယူပေ တို့ရှောင်ရှား၊
  ဝပ် ကာ ကိုင် စည်းကမ်းချက်
  သတ်မှတ်စို့လား။

- လျှပ်စီးလက်ချိန် အပြင်ထွက်
  ကွင်းပြင်ရပ် နေထိုင်ပါ၊
  မထွက်နိုင် ကာကွယ်ထား
  ရှောင်ရှားလို့သာ၊
  လျှပ်စစ်မီး သတိယှဉ်ပါ
  မြစ်ကမ်းမှာ မနေနဲ့၊
  ဘေးအန္တရာယ် ကြေညာချက်များ
  နားထောင်ကြကွဲ့။

- လျှပ်ကြီးလှုပ်ပြီး မကြာလှ
  ထပ်လှုပ်ကြ နောက်ဆက်တွဲလျှင်၊
  မှတ်သားကာ သတိပေး
  ဘေးကင်းစေချင်၊
  သိရှိလို့ ကြိုပြင်ဆင်
  သတိယှဉ် နေထိုင်ပေး၊
  လျှောင်အန္တရာယ် တူညီရှန်းလို့
  စည်းလုံးကြသေး။ ။

**ဇင်မင်းစိုး(ဗိုလ်ကလေး)**

➤ စာမျက်နှာ ၄ မှအဆက်

မျိုးပြပုဒ်များအဖြစ် ငွေ ၄ ကျပ်၊ နွား ၅ ခု၊ နွားနို့ ၂၄၈ တနက်၊ ဘုရားရုပ် ၁၀ ဆူ၊ ခဆီ ၁ ထည်၊ အုတ် ၂ ဖို၊ ပုခြည်ဖျင် ၁ ထည်၊ တံခါးခုံကျောက် ၁ ဆူဟု အသုံးပြုထားသည်။

အသဝတ်ဓမ္မာ သင်္ချိုင်းဂူဘုရားကျောက်စာ အရေးအသားတွင် နောက်ဆက်ပုဒ်အထားအသိုသည် ရာဇကုမာရ်ကျောက်စာရေးဟန်နှင့် သဘောတူညီကြောင်း၊ နာမဝိသေသနအသုံးတွင် အညွှန်းနာမဝိသေသနပုဒ်ကို အကြင်၊ ထို၊ ဤစသောစကားလုံးများနှင့် တွဲဆက်သုံးထားကြောင်း မြင်တွေ့နိုင်ပေသည်။ ကျောက်စာတွင် ရေးထိုးထားသည့် ပုဂံခေတ်သုံးဝေါဟာရတချို့သည် ယနေ့တိုင်သုံးစွဲနေသည့် စကားလုံးများဖြစ်ကြသည်။

ကျောက်စာရေးထိုးထားမှုအရ ပုဂံခေတ်နှောင်းပိုင်းတွင် ဝါကျတို၊ ဝါကျရှည်ကို မှျတစွာသုံးစွဲနိုင်ပြီး အမေးအဖြေသဘောဆောင်သည့် ဝါကျများကို အသုံးပြုနိုင်နေပြီဖြစ်ကြောင်း တွေ့ရှိနိုင်သည်။ အထူးသဖြင့် အလုပ်သမားများ၏လုပ်ငန်းအဝဝနှင့် လုပ်ငန်းသုံးဝေါဟာရများကို တွင်ကျယ်စွာအသုံးပြုနေပြီဖြစ်ကြောင်း သက်သေပြလျက်ရှိနေပေသည်။

အသဝတ်ဓမ္မာသင်္ချိုင်းဂူဘုရားကျောက်စာသည် ကွယ်လွန်သူ အမတ်တစ်ပါးဖြစ်သည့် အသဝတ်ဓမ္မာ၏ဇနီးမယားက ရေးထိုးခဲ့သည့် အလှူမှတ်တမ်းကျောက်စာဖြစ်သော်လည်း ကျောက်စာတွင် မယား၏အမည်ကို ထည့်သွင်းရေးထိုးခဲ့ခြင်းမရှိချေ။

သို့သော် ထိုကျောက်စာသည် အခြားသော ပုဂံခေတ်အလှူမှတ်တမ်းကျောက်စာများထက် ထူးခြားစွာ ပုဂံခေတ်သက္ကရာဇ် ၅၉၈ ခုတွင်ရှိခဲ့သည့် ငွေကြေးတန်ဖိုးများ၊ ပစ္စည်းဈေးနှုန်းများ၊ ပန်းချီ၊ ပန်းပုပညာသည်များနှင့် လုပ်သားများ၏ လုပ်အားခငွေများကို ပြည့်စုံစွာရေးထိုးထားသဖြင့် ပုဂံခေတ်နှောင်းပိုင်း လူမှုရေးအနေအထားတစ်ရပ်ကို ခိုင်မာစွာသက်သေပြနိုင်သည့် အထောက်အထားတစ်ရပ်ဖြစ်လာခဲ့ပေသည်။

ထို့ကြောင့် မျိုးဆက်သစ်ကျောင်းသား၊ ကျောင်းသူများလေ့လာသင်ယူနိုင်ရန် အသဝတ်ဓမ္မာသင်္ချိုင်းဂူဘုရားကျောက်စာကို အဝေးသင်တက္ကသိုလ် မြန်မာဘာသာအထူးပြုသင်ရိုးတွင် ထည့်သွင်းပြဋ္ဌာန်းခဲ့ပေသည်။

**ကိုးကား**

- **အသဝတ်ဓမ္မာသင်္ချိုင်းဂူဘုရားကျောက်စာ**
- **မြန်မာရှေးဟောင်းကျောက်စာများ၊ ပထမတွဲ (ဦးငြိမ်းမောင်)**
- **ပုဂံခေတ် မြန်မာနိုင်ငံသမိုင်း (ဒေါက်တာတိုးလှ)**
- **မ ၃၁၀၈ ပို့ချချက်(ရန်ကုန်အဝေးသင် တက္ကသိုလ်)**

## နိုင်ငံတကာ အားကစားသတင်းများ

# ဟောင်ကောင်တွင် ရာသီအကြိုခြေစမ်းပွဲအဖြစ် စပါးအသင်းနှင့်ကစားမည်ဟု အာဆင်နယ်ထုတ်ပြန်

လန်ဒန် ဇွန် ၁

အာဆင်နယ် အသင်းသည် ရာသီအကြို ခြေစမ်းပွဲအဖြစ် မြို့ခံပြိုင်ဘက် စပါးအသင်းနှင့် ဟောင်ကောင်တွင် လာမည့် ဇူလိုင်လတွင် ခြေစမ်းပွဲကစားမည်ဖြစ်ကြောင်း ထုတ်ပြန်ခဲ့သည်။

အာဆင်နယ်အသင်း အနေဖြင့် ၁၃ နှစ်အကြာမှ ဟောင်ကောင်တွင် ခြေစမ်းပွဲ ပြန်လည်ကစားခဲ့ခြင်းဖြစ်ပြီး ယခုခြေစမ်းပွဲစဉ်သည် ၂၀၂၅ ဟောင်ကောင်အားကစားပွဲတော်၏ တစ်စိတ်တစ်ပိုင်းအဖြစ် ပါဝင်နေကြောင်းနှင့် မြို့ခံပြိုင်ဘက် စပါးအသင်းနှင့် နိုင်ငံပြင်ပ ပထမဆုံးအချိန် ယှဉ်ပြိုင်ရမည်ဖြစ်သောကြောင့် စိတ်လှုပ်ရှားမိကြောင်း စီမံခန့်ခွဲမှုဒါရိုက်တာ ရစ်ချက်ဂါးလစ်ခ်က ထုတ်ဖော်ပြောကြားခဲ့သည်။

အာဆင်နယ် အသင်းက "ဇူလိုင်လမှာ ဟောင်ကောင်မှာ ကစားရမဲ့ ခြေစမ်းပွဲအတွက် အာဆင်နယ်အသင်း အနေနဲ့ အရမ်းကို စိတ်လှုပ်ရှားနေပါတယ်။ ကျွန်တော်တို့ စီနီယာအသင်း အနေနဲ့ ဟောင်ဟောင်မှာ ၁၃ နှစ်အကြာမှ ပြန်ကစားရတာဖြစ်လို့ ကျွန်တော်တို့ကို ဒေသတွင်း ပရိသတ်တွေနဲ့တွေ့ခွင့်ရဖို့ အခွင့်အရေးရခဲ့တာပါ။ လက်ရှိမှာ ဟောင်ကောင် ပရိသတ်တွေနဲ့ တွေ့ရဖို့ မစောင့်နိုင်နိုင်တော့ပါဘူး" ဟု ဆက်လက်ပြောကြားခဲ့သည်။

အဆိုပါခြေစမ်းပွဲစဉ်ကို လာမည့် ဇူလိုင် ၃၁ ရက်တွင် ဟောင်ကောင် ကိုင်တက်အားကစားကွင်းတွင် ယှဉ်ပြိုင်သွားမည်ဖြစ်ပြီး လီဗာပူးအသင်းနှင့် အေစီမီလန်အသင်းတို့ကလည်း ဇူလိုင် ၂၆ ရက်တွင် ယင်းအားကစားကွင်းတွင် ခြေစမ်းပွဲပါဝင်ကစားမည်ဖြစ်ကြောင်း သိရသည်။

Ref : Fotmob

Trs : ML

# ၂၀၂၄ ဘဏ္ဍာနှစ်တွင် စတာလင်ပေါင် သန်း ၈၀ ကျော် ဆုံးရှုံးခဲ့ကြောင်း အဲဗာတန်အသင်းထုတ်ပြန်

လန်ဒန် ဇွန် ၁

အဲဗာတန်အသင်းသည် ၂၀၂၄ ဘဏ္ဍာနှစ်တွင် စတာလင်ပေါင် ၈၉ ဒသမ ၁ သန်းကျော် ဆုံးရှုံးခဲ့ပြီး ခုနစ်နှစ်ဆက်တိုက် စတာလင်ပေါင် သန်း ၅၇၀ ထိ အရှုံးပေါ်ခဲ့ကြောင်း ထုတ်ပြန်ခဲ့သည်။

အဲဗာတန်အသင်း အနေဖြင့် ၂၀၂၁-၂၀၂၂ မှ ၂၀၂၂-၂၀၂၃ ဘောလုံးရာသီအပါအဝင် သုံးနှစ်တာကာလအတွင်း ပရီးမီးယားလိဂ်က ချမှတ်ထားသည့် ဘဏ္ဍာရေးစည်းမျဉ်းနှင့် ကိုက်ညီမှုမရှိခဲ့သဖြင့် ပြီးခဲ့သည့်ဘောလုံးရာသီက ရမှတ်ရှစ်မှတ်လျှော့ပြစ်ဒဏ်ချမှတ်ခံခဲ့ရပြီး ယခုအခါ ၂၀၂၄ ဘဏ္ဍာနှစ်တွင်လည်း စတာလင်ပေါင် ၈၉ ဒသမ ၁ သန်းထိ စံချိန်တင်ဆုံးရှုံးခဲ့ ကြောင်း သိရသည်။

သို့သော် အသင်းအနေဖြင့် ပရိသတ် ၅၂၈၈၈ ဦးဝင်ဆံ့သည့် ကွင်းသစ် တည်ဆောက်ပြီးစီးခဲ့သည့်အတွက် ကာလရှည် ဘဏ္ဍာငွေတိုးတက်ရရှိမည့် သဘောတူညီချက်များ ရရှိခဲ့သည့်အပြင် အသင်းပိုင်ရှင် မိုရှီရီထံမှ တက်ကျဆက်အခြေစိုက် ရင်းနှီးမြှုပ်နှံမှုကုမ္ပဏီဖြစ်သည့် Friedkin Group က သန်း ၄၀၀ ဖြင့် ပြီးခဲ့သည့်နှစ်ဒီဇင်ဘာလက အသင်းကို ဝယ်ယူခဲ့သောကြောင့် မိုရှီရီလက်ထက် ရှစ်နှစ်တာကာလအတွင်း ဘဏ္ဍာရေးအခက်အခဲများ အဆုံးသတ်ခဲ့ပြီး ရှယ်ယာတန်ဖိုးများ ပြောင်းလဲခဲ့ကြောင်း သိရသည်။ Ref : Espn

Trs : ML

## အားကစားသတင်းအတိုအထွာများ

- ❑ ချဲလ်ဆီးအမျိုးသမီးအသင်းသည် ၂၀၂၄ ဘဏ္ဍာနှစ် ဇူလိုင်လကုန်ထိ လက်မှတ်ရောင်းချမှု၊ ကစားသမားရောင်းချမှုများနှင့် အခြားဝင်ငွေများမှ အမြတ်ငွေ စတာလင်ပေါင် ၁၂၈ ဒသမ ၄ သန်းထိ ရရှိခဲ့သဖြင့် ဘဏ္ဍာငွေတိုးတက်လာသောကြောင့် အသင်းအနေဖြင့် ပရီးမီးယားလိဂ်က ချမှတ်ထားသည့် PSR စည်းမျဉ်းကို ဖြတ်ကျော်နိုင်ခဲ့ကြောင်း ထုတ်ပြန်ခဲ့သည်။
- ❑ လီဗာပူးအသင်းက ခေါ်ယူရန်ကြိုးပမ်းနေသည့် ကာကက်ခ်ကို စတာလင်ပေါင် ၄၅ သန်းရမှသာ ရောင်းချမည်ဟု ဘုန်းမောက်အသင်း တာဝန်ရှိသူများက ပြောကြားထားကြောင်း သိရသည်။

ML

# WBC ဘရစ်ဂါဝိတ်တန်းကမ္ဘာ့ချန်ပီယံကာကွယ်ပွဲအဖြစ် လာရီနာက ရက်ဒ်ချန်ကိုနှင့် ယှဉ်ပြိုင်ထိုးသတ်မည်




ပရီတိုရီယာ ဇွန် ၁

WBC ဘရစ်ဂါဝိတ်တန်း ကမ္ဘာ့ချန်ပီယံ တောင်အာဖရိကလက်ဝှေ့ကစားသမား လာရီနာသည် လက်ရှိချန်ပီယံ ကာကွယ်ပွဲစဉ်အဖြစ် စိန်ခေါ်သူ ယူကရိန်းလက်ဝှေ့ကစားသမား ရက်ဒ်ချန်ကိုနှင့် မေ ၁ ရက်တွင် တောင်အာဖရိကနိုင်ငံ ပရီတိုရီယာမြို့၌ ထိုးသတ်သွားမည်ဖြစ်ကြောင်း ထုတ်ပြန်ခဲ့သည်ဟု ယနေ့တွင် ဖော်ပြခဲ့သည်။

လာရီနာသည် ၂၀၂၃ ခုနှစ် နိုဝင်ဘာ ၂၅ ရက်က ဂျာမနီလက်ဝှေ့ကစားသမား ဂတ်ရှီအား အနိုင်ထိုးသတ်ကာ ကမ္ဘာ့ချန်ပီယံဖြစ်လာသူဖြစ်ပြီး ယင်းပွဲစဉ်အပြီးတွင် လာရီနာသည် ၂၀၂၄ ခုနှစ် မတ်လ ၈ ရက်တွင် Global ဟဲဗီးဝိတ်တန်း ချန်ပီယံ စိန်ခေါ်ပွဲစဉ်အဖြစ် ဩစတြေးလျလက်ဝှေ့ကစားသမား ဂျက်စတစ်နှင့် ထိုးသတ်ခဲ့ရာ ရှုံးနိမ့်ခဲ့ရပြီး ဟဲဗီးဝိတ်တန်းသို့ ရွှေ့ပြောင်းမည့်အစီအစဉ်ကို ဖျက်သိမ်းခဲ့ရသည်။

လာရီနာက "ကျွန်တော့်အနေနဲ့ လက်ရှိချန်ပီယံကာကွယ်ပွဲစဉ်ကို မေလမှာ ထိုးသတ်သွားပါမယ်။ ပထမဆုံး ချန်ပီယံကာကွယ်ပွဲစဉ်ဖြစ်တဲ့အတွက်ကြောင့် စိတ်လှုပ်ရှားနေပါတယ်။ မနှစ်တုန်းကတော့ ဟဲဗီးဝိတ်တန်းမှာ သွားထိုးခဲ့သေးတယ်။ ကျွန်တော့်အနေနဲ့ ဟဲဗီးဝိတ်တန်းအတွက် အဆင်သင့်မဖြစ်သေးပါဘူး။ ဒါကြောင့် ဘရစ်ဂါဝိတ်တန်းမှာပဲ ဆက်လက်ထိုးသတ်သွားမှာပါ။ ရက်ဒ်ချန်ကို အနေနဲ့လည်း ကျွန်တော်နဲ့ ထိုးသတ်ဖို့အတွက် ပြင်ဆင်လေ့ကျင့်မှုတွေ စတင်ပြုလုပ်နေတယ်လို့သိရပါတယ်။ ကမ္ဘာ့ချန်ပီယံခါးပတ်အတွက် ရက်ဒ်ချန်ကိုဟာ အများကြီးပြင်ဆင်ထားလိမ့်မယ်လို့ ကျွန်တော်ယုံကြည်ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Xinhua

Trs : AZL

# Ford Championship ဂေါက်သီးရိုက်ပြိုင်ပွဲ ချန်ပီယံဆုကို ကင်မ်ယိုဂျီဆွတ်ခူး



ချန်ဒလာ ဇွန် ၁

အမေရိကန်နိုင်ငံ အရီဇိုးနားပြည်နယ် ချန်ဒလာမြို့တွင် ကျင်းပခဲ့သည့် Ford Championship ဂေါက်သီးရိုက်ပြိုင်ပွဲတွင် တောင်ကိုရီးယား ဂေါက်သီးရိုက်မယ် ကင်မ်ယိုဂျီက ချန်ပီယံဆု ဆွတ်ခူးရရှိခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ကင်မ်ယိုဂျီသည် နောက်ဆုံးနေ့အပြီးတွင် အမေရိကန်ဂေါက်သီးရိုက်မယ် လီလီယာဗူနှင့် စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၂၂ ချက်စီလျှော့ရိုက်ကာ အမှတ်ပေးဇယားကို ပူးတွဲဦးဆောင်နိုင်ခဲ့ပြီး ချန်ပီယံအဆုံးအဖြတ်အတွက် Play-off ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ရာ ကင်မ်ယိုဂျီက အနိုင်ရရှိကာ ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့သည်။

ကင်မ်ယိုဂျီသည် ကစားသမားဘဝ သက်တမ်းတစ်လျှောက် LPGA ဂေါက်သီးရိုက်ပြိုင်ပွဲများတွင် ခုနစ်လုံးမြောက်ဆုဖလားကို ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်ပြီး Ford Championship ဂေါက်သီးရိုက်ပြိုင်ပွဲ ချန်ပီယံဆုကြောင့် ကမ္ဘာ့အဆင့် မြင့်တက်လာမည်ဖြစ်သည်။

ကင်မ်ယိုဂျီက "အရမ်းကို စိတ်လှုပ်ရှားဖို့ကောင်းတဲ့ ပြိုင်ပွဲဖြစ်ပါတယ်။ နောက်ဆုံးနေ့ရဲ့ နောက်ဆုံးကျင်းအထိ အကြိတ်အနယ်ယှဉ်ပြိုင်ခဲ့ရတယ်။ ချန်ပီယံဆုအတွက် အဆုံးအဖြတ် Play-off တောင် ကစားခဲ့ရပါတယ်။ ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့ပေမဲ့ အမှတ်ပေးဇယားမှာ ရိုက်ချက်တွေက ကွာဟမှုကျဉ်းမြောင်းခဲ့ပါတယ်။ ချန်ပီယံဆုကိုဆွတ်ခူးနိုင်ဖို့အတွက် ကစားသမားတော်တော်များများက နီးစပ်ခဲ့ကြတယ်။ ခက်ခဲတဲ့ပြိုင်ပွဲမှာ ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့လို့ ဝမ်းသာဂုဏ်ယူပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : RT

Trs : AZL

# ဘာစီလိုနာအသင်းက လေဗာကူဆင်အသင်းမှ ဂျိုနသန်တက်ခ်ကို ခေါ်ယူရန်သဘောတူညီမှုရရှိ




ဘာစီလိုနာ ဇွန် ၁

ဘာစီလိုနာအသင်းက လာမည့်နွေရာသီ ကစားသမားအပြောင်းအရွှေ့ကာလတွင် လေဗာကူဆင်အသင်းနှင့် စာချုပ်သက်တမ်းကုန်ဆုံးမည့် ဂျိုနသန်တက်ခ်ကို အလွတ်ပြောင်းရွှေ့ကြေးဖြင့် ခေါ်ယူရန် သဘောတူညီမှု ရရှိခဲ့ကြောင်း သိရသည်။

အသက် ၂၉ နှစ်ရှိ ဗဟိုခံစစ်ကစားသမား ဂျိုနသန်တက်ခ်သည် ပြီးခဲ့သည့် ၂၀၁၅ ခုနှစ်က ဟမ်းဘတ်အသင်းမှ လေဗာကူဆင်အသင်းသို့ ပြောင်းရွှေ့ကစားခဲ့သူဖြစ်ပြီး အသင်းနှင့်အတူ ဘောလုံးရာသီတိုင်းတွင် ခြေစွမ်းပြသနိုင်ခဲ့သူဖြစ်သည်။

ဂျိုနသန်တက်ခ်သည် ပြီးခဲ့သည့် ဘောလုံးရာသီကလည်း လေဗာကူဆင်အသင်း ဂျာမန်ဘွန်ဒက်လီဂါဖလားကို ရှုံးပွဲမရှိ ဆွတ်ခူးနိုင်ခဲ့ရာတွင် အဓိက ကစားသမား တစ်ဦးအဖြစ် ပါဝင်ခဲ့သူဖြစ်သည်။

လေဗာကူဆင် အသင်းက အဓိက ကစားသမားတစ်ဦးဖြစ်သည့် ဂျိုနသန်တက်ခ်ကို သက်တမ်းတိုးစာချုပ် ချုပ်ဆိုလိုသော်လည်း ၎င်းကိုယ်တိုင်က စာချုပ်သစ်အတွက် ကမ်းလှမ်းမှုများကို ငြင်းပယ်ခဲ့ခြင်းဖြစ်သည်။


အစောပိုင်းက ဂျိုနသန်တက်ခ်ကို ဘာစီလိုနာအသင်းအပြင် ဘိုင်ယန်မြူးနစ်အသင်းနှင့် ပရီးမီးယားလိဂ် ထိပ်တန်းကလပ်အသင်းများက ခေါ်ယူရန်ကြိုးပမ်းခဲ့သော်လည်း ဂျိုနသန်တက်ခ်ကိုယ်တိုင်က ဘာစီလိုနာအသင်းသို့သာ ပြောင်းရွှေ့ကစားရန် ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။

Ref : Fabrizio Romano

Trs : STA

# SCIENCE AND TECHNOLOGY

## နယူးဇီလန်နိုင်ငံမှ Rig Sharks ခေါ် ရစ်ဂျ်ငါးမန်းများ အသံထုတ်လွှင့်မှုကို သိပ္ပံပညာရှင်များက ကမ္ဘာပေါ်၌ ပထမဆုံးအကြိမ်အဖြစ် မှတ်တမ်းတင်နိုင်ခဲ့



**ဝယ်လင်တန် ဧပြီ ၁**

နယူးဇီလန်နိုင်ငံမှ Rig Sharks ခေါ် ရစ်ဂျ်ငါးမန်းများ အသံထုတ်လွှင့်မှုကို သိပ္ပံပညာရှင်များက ကမ္ဘာပေါ်၌ ပထမဆုံးအကြိမ်အဖြစ် မှတ်တမ်းတင်နိုင်ခဲ့ကြောင်း မတ် ၃၁ ရက် သတင်းများအရ သိရသည်။

ငါးမန်းကဲ့သို့ ငါးများနှင့် ငါးလိပ်ကျောက်များသည် အဆက်အသွယ်ပြုရန်၊ သားကောင်လိုက်ရန် အသံကို အသုံးချတတ်သော်လည်း အလိုအလျောက် အသံပြုတတ်သည့် ရေသတ္တဝါများမဟုတ်ကြကြောင်း သိရသည်။

သို့ရာတွင် နယူးဇီလန်သိပ္ပံပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ ရစ်ဂျ်ငါးမန်းများသည် တိုတောင်းစူးရှသည့်အသံတစ်မျိုးကို ရည်ရွယ်ချက်ရှိရှိ ထုတ်လွှင့်နိုင်ကြောင်း သိရသည်။

ရစ်ဂျ်ငါးမန်းများသည် ကိုယ်ခန္ဓာအရွယ်အစား ငါးပေမျှသာရှိတတ်ပြီး နယူးဇီလန်မြစ်ဝနယ်မြေများ၌ ကျက်စားနေထိုင်သော ငါးမန်းတစ်မျိုးဖြစ်ကြောင်း သိရသည်။

နယူးဇီလန်သိပ္ပံပညာရှင်များသည် ရစ်ဂျ်ငါးမန်းများ၏ အသံထုတ်လွှင့်မှုကို လက်ချ်အဏ္ဏဝါသုတေသန ဓာတ်ခွဲခန်း၌ မှတ်တမ်း ရယူနိုင်ခဲ့ခြင်းဖြစ်သည်။

ရစ်ဂျ်ငါးမန်းများသည် ပြဿနာတစ်ခုခုကို ရင်ဆိုင်ရချိန်တွင် တိုတောင်းစူးရှသည့်အသံကို ထုတ်လွှင့်ရခြင်းဖြစ်ဖွယ်ရှိကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

Ref : Russia Today

Trs : KKO


## တရုတ်က ကမ္ဘာ့အနက်ရှိုင်းဆုံးပင်လယ်ရေအောက် ချောက်နက်အတွင်း လေ့လာစူးစမ်းမှုများပြုလုပ်နိုင်မည့် စက်ရုပ်ရေငုပ်ယာဉ်ငယ်တစ်စင်း တည်ဆောက်ထား

**ပေကျင်း ဧပြီ ၁**

ဖိအား အလွန်မြင့်မားသည့် ကမ္ဘာ့အနက်ရှိုင်းဆုံး ပင်လယ်ရေအောက် ချောက်နက်အတွင်း လေ့လာစူးစမ်းမှုများ ပြုလုပ်နိုင်မည့် စက်ရုပ်ရေငုပ်ယာဉ်ငယ်တစ်စင်းကို တရုတ်သိပ္ပံပညာရှင်များကတည်ဆောက်ထားကြောင်း မတ် ၃၁ ရက် သတင်းများအရ သိရသည်။

ယခင်က ကမ္ဘာ့အနက်ရှိုင်းဆုံး ပင်လယ်ရေအောက် ချောက်နက်ဖြစ်သည့် မာရီယာနာချောက်နက်ကို အရွယ်အစားကြီးမားသော အလေးချိန် တန်ပေါင်းများစွာရှိသည့် ရေအောက်ဆင်းယာဉ်များကသာ စူးစမ်းလေ့လာနိုင်ခဲ့သည်။

သို့ရာတွင် ပေဟန်တက္ကသိုလ်မှ တရုတ်သိပ္ပံပညာရှင်များ တည်ဆောက်ထားသည့် စက်ရုပ်ရေငုပ်ယာဉ်မှာမူ အရွယ်အစားအားဖြင့် အလျား စင်တီမီတာ ၅၀ သာရှိသော်လည်း မာရီယာနာချောက်နက်အတွင်း ဆင်းသက်လေ့လာနိုင်ကြောင်း သိရသည်။




တရုတ် သိပ္ပံပညာရှင်များ၏ စက်ရုပ်ယာဉ်ငယ်သည် ငါးသတ္တဝါတစ်မျိုးကို စံပြုတည်ဆောက်ထားပြီး မာရီယာနာချောက်နက်ထဲ၌ တစ်စက္ကန့်လျှင် ၅ ဒသမ ၅ စင်တီမီတာနှုန်းဖြင့် ကူးခပ်နိုင်ကြောင်း သိရသည်။

ထို့ပြင် အဆိုပါစက်ရုပ်ယာဉ်ငယ်သည် သဲဆန်သောပင်လယ်ကြမ်းပြင်ထက်တွင် တစ်စက္ကန့်လျှင် သုံးစင်တီမီတာနှုန်းဖြင့် တွားသွားနိုင်ကြောင်း တရုတ်သိပ္ပံပညာရှင်များက ပြောကြားသည်။

အနက် ၁၀၆၀၀ မီတာရှိသော မာရီယာနာချောက်နက်သည် ရေဖိအား ပါစကယ်သန်း ၁၁၀ ထိရှိကြောင်း သိရသည်။

Ref : Xinhua News

Trs : KKO

## နာဆာနှင့်ဘိုးရင်းကုမ္ပဏီက စတားလိုင်နာအာကာသလူသယ်ယာဉ်ကို ၂၀၂၆ ခုနှစ် နှစ်စပိုင်းမှသာ လွှတ်တင်နိုင်ဖွယ်ရှိ

**ဝါရှင်တန် ဧပြီ ၁**

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)နှင့် ဘိုးရင်းကုမ္ပဏီသည် စတားလိုင်နာ အာကာသလူသယ်ယာဉ်ကို ၂၀၂၆ ခုနှစ် နှစ်စပိုင်းမှသာ လွှတ်တင်နိုင်ဖွယ်ရှိကြောင်း မတ် ၃၁ ရက် သတင်းများအရ သိရသည်။

လက်ရှိအချိန်တွင် ဘိုးရင်းကုမ္ပဏီမှ ကျွမ်းကျင်သူများသည် စတားလိုင်နာ အာကာသလူသယ်ယာဉ်၏ ဒုံးကန်အားစနစ်ပြဿနာများနှင့် ဟီလီယမ်ဓာတ်ငွေ့ယိုစိမ့်မှုပြဿနာများကို ဖြေရှင်းရန် ကြိုးပမ်းနေဆဲဖြစ်ကြောင်း သိရသည်။

စတားလိုင်နာ အာကာသလူသယ်ယာဉ်၏ အထက်ပါပြဿနာများကို ယခုနှစ်ကုန်ထိ အချိန်ယူ၍ ဖြေရှင်းရဖွယ်ရှိကြောင်း ဘိုးရင်းကုမ္ပဏီနှင့်နာဆာတာဝန်ရှိသူများက ပြောကြားသည်။

သို့ဖြစ်ရာ မိမိတို့အနေဖြင့် စတားလိုင်နာ အာကာသလူသယ်ယာဉ် စမ်းသပ်လွှတ်တင်မှုကို ၂၀၂၆ ခုနှစ် နှစ်စပိုင်းမှသာ ပြုလုပ်နိုင်ဖွယ်ရှိကြောင်း သိရသည်။

နာဆာနှင့် ဘိုးရင်းကုမ္ပဏီသည် ၂၀၂၄ ခုနှစ် ဇွန်လတွင် အာကာသယာဉ်မှူးနှစ်ဦး လိုက်ပါသွားသည့် စတားလိုင်နာအာကာသလူသယ်ယာဉ်ကို ရှစ်ရက်ကြာမစ်ရှင်အဖြစ် နိုင်ငံတကာအာကာသစခန်းသို့ လွှတ်တင်ခဲ့ကြောင်း သိရသည်။

သို့ရာတွင် စတားလိုင်နာ အာကာသလူသယ်ယာဉ်၏ ဒုံးကန်အားစနစ် ပြဿနာများနှင့် ဟီလီယမ်ဓာတ်ငွေ့ယိုစိမ့်မှုပြဿနာများကြောင့် စတားလိုင်နာ အာကာသယာဉ်မှူးနှစ်ဦးမှာ နိုင်ငံတကာ အာကာသစခန်းပေါ်၌ ကိုးလကျော်ကြာ သောင်တင်ခဲ့ရကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO

# HEALTH

## ကမ္ဘာတစ်ဝန်းရှိ ခါးနာရောဂါလူနာများစွာ၏ ကျန်းမာရေးကို ဆေးပုံစံတစ်မျိုးဖြင့် မြှင့်တင်နိုင်

**လန်ဒန် ဧပြီ ၁**

ကမ္ဘာတစ်ဝန်းရှိ ခါးနာရောဂါလူနာသန်းပေါင်းများစွာ၏ ကျန်းမာရေးကို ဆေးဝါးပုံစံတစ်မျိုးဖြင့် မြှင့်တင် ပေးနိုင်ဖွယ်ရှိကြောင်း မတ် ၃၁ ရက် သတင်းများအရ သိရသည်။

ဗြိတိန် သုတေသနပညာရှင်များ ဖန်တီးထားသည့် PP 353 အမည်ရှိ ဆေးပုံစံသစ်သည် အကိုက်အခဲပျောက်ဆေး သဘောမျိုးထက် ပဋိဇီဝဆေးသဘောမျိုး ပိုဆောင်ကြောင်း သိရသည်။

ခါးနာလူနာ လေးဦးလျှင် တစ်ဦးမှာ ကြွက်သား သို့မဟုတ် ကျောရိုးပြဿနာကြောင့် ခါးနာရခြင်းမဟုတ်ဘဲ ကူးစက်ရောဂါတစ်မျိုးမျိုးကြောင့် ခါးနာရခြင်းဖြစ်ရာ အဆိုပါလူနာများကို PP 353 ဆေးက အကျိုးကျေးဇူးပြုနိုင်ကြောင်း ဗြိတိန်သုတေသနပညာရှင်များက ပြောကြားသည်။

ပဏာမ စမ်းသပ်မှုရလဒ်များအရ PP 353 ဆေးဖြင့် ကုသမှုခံယူထားသူ ၁၀ ဦးအနက် ခြောက်ဦးတို့တွင် နာကျင်ကိုက်ခဲမှုလျော့ပါးလာခြင်း၊ လှုပ်လှုပ်ရှားရှားပိုမိုလုပ်လာနိုင်ခြင်း စသည့်အကျိုးကျေးဇူးများ ရရှိခဲ့ကြကြောင်း သိရသည်။

PP 353 ဆေးသည် ခါးရိုးထဲသို့ထိုးနှံပေးရသည့် ထိုးဆေးအမျိုးအစားဖြစ်ပြီး linezolid ခေါ် ပဋိဇီဝဆေးတစ်မျိုး၊ Iohexol ခေါ် ဓာတုပစ္စည်းတစ်မျိုးနှင့် အဆီပျစ်တစ်မျိုးတို့ ပေါင်းစပ်ထားသည်။

ခါးနာရောဂါသည် ကမ္ဘာပေါ်၌ အဖြစ်အများဆုံး ကျန်းမာရေးပြဿနာများထဲတွင်ပါဝင်ပြီး ဗြိတိန်နိုင်ငံ၌ ၁၀ ဦးလျှင် ခြောက်ဦး ခံစားရသော ပြဿနာဖြစ်ကြောင်း သိရသည်။

Ref : Russia Today

Trs : KKO

## ကိုလက်စထရောလျှော့ချရေးဆေးများက ကင်ဆာရောဂါများဖြစ်နိုင်ခြေကို လျှော့ချနိုင်

**နယူးယောက် ဧပြီ ၁**

စတာတင်မဟုတ်သည့် ကိုလက်စထရောလျှော့ချရေးဆေးများသည် ကင်ဆာရောဂါများဖြစ်နိုင်ခြေကို လျှော့ချပေးနိုင်ဖွယ်ရှိကြောင်း မတ် ၃၁ ရက်သတင်းများအရ သိရသည်။

စတာတင်မဟုတ်သည့် ကိုလက်စထရောလျှော့ချရေးဆေးများထဲတွင် Bile Acid Sequertrants၊ Fibrates၊ Niacin၊ Bmego-3 Fatty Acid ဆေးများနှင့် Cholesterol Absorption Inhibitors ဆေးများပါဝင်ကြသည်။

အမေရိကန်သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ အထက်ပါ ဆေးအမျိုးအစားများအနက် Cholesterol Absorption Inhibitors အုပ်စုဝင် ဆေးများသည် အသည်းကင်ဆာရောဂါဖြစ်နိုင်ခြေ ကျဆင်းလာမှုနှင့် ဆက်စပ်နေကြောင်း သိရသည်။

အမေရိကန် သုတေသနပညာရှင်များသည် အသည်းကင်ဆာလူနာ ၃၇၁၉ ဦးနှင့် အသည်းကင်ဆာရောဂါမရှိသူ ၁၄၈၇၆ ဦးတို့ကို နှိုင်းယှဉ် လေ့လာခဲ့ကြကြောင်း သိရသည်။

လေ့လာချက်မှ ပေါ်ထွက်လာသည့်ရလဒ်များအရ Cholesterol Absorption Inhibitors အုပ်စုဝင်ဆေး သုံးစွဲမှုသည် အသည်းကင်ဆာရောဂါဖြစ်နိုင်ခြေကို ၃၁ ရာခိုင်နှုန်း လျှော့ချပေးနိုင်သည်ကို တွေ့ရကြောင်း သိရသည်။

သို့ရာတွင် အခြားစတာတင်မဟုတ်သည့် ကိုလက်စထရောလျှော့ချရေး ဆေးများတွင်မူ အထက်ပါဆက်စပ်မှုမျိုးမတွေ့ရကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO



# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## အီရန်က အမေရိကန်၏ တိုက်ခိုက်မှုကိုတုံ့ပြန်ရန် အသင့်ဖြစ်နေဟု သတိပေးထား



အီရန်အပေါ် ခြိမ်းခြောက်ထားသည့် သမ္မတဒေါ်နယ်ထရန့်၏ မိန့်ခွန်းနှင့်ပတ်သက်၍ တင်းမာမှုများမြင့်တက်လာခဲ့ပြီးနောက် အီရန်နိုင်ငံကို စစ်ရေးအရ လုပ်ဆောင်လာပါက အမေရိကန်အပေါ် တုံ့ပြန်ရန် ၎င်း၏ မြေအောက်ဒုံးကျည်မြို့များကို ပစ်ခတ်ရန်အသင့်ပြင်ဆင်နေကြောင်း အီရန်နိုင်ငံက သတိပေးထားသည်ဟု အီရန်နိုင်ငံ Iran International သတင်းဌာနက မတ် ၃၁ ရက်တွင်ရေးသားဖော်ပြခဲ့ပါသည်။

အီရန်နိုင်ငံသည် နိုင်ငံ၏ အချုပ်အခြာအာဏာ ချိုးဖောက်မှုမှန်သမျှကို ပြင်းထန်စွာ တုံ့ပြန်သည့်အနေဖြင့် ထိရောက်သော ဟန့်တားနိုင်စွမ်း အဆင်သင့် ပိုင်ဆိုင်ထားသည်ဟု အီရန်တပ်မတော် စစ်ဦးစီးချုပ်က အစ္စလာမ္မစ်သမ္မတနိုင်ငံထူထောင်သည့် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်ကို မတ် ၃၀ ရက်တွင် ကြေညာချက် ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

အင်္ဂလိပ်ဘာသာဖြင့် ထုတ်ဝေသော နိုင်ငံပိုင်သတင်းစာ Tehran Times က အီရန်နိုင်ငံ၏ဒုံးကျည်များသည် မြေအောက် ဒုံးကျည်မြို့များအားလုံးရှိ ဒုံးပစ်စင်များပေါ်တွင် တင်ဆောင်ထားပြီး ပစ်လွှတ်ရန် အသင့်ဖြစ်နေပြီဟု ရေးသားဖော်ပြခဲ့သည်။ မလုပ်သင့်၊ မလုပ်အပ်သည့် ပန်ဒိုရာသေတ္တာကိုဖွင့်လှစ်ခြင်းသည် အမေရိကန်အစိုးရနှင့် ၎င်း၏ မဟာမိတ်နိုင်ငံများအတွက် ကြီးကြီးမားမားပေးဆပ်သွားစေရမည်ဟု အီရန်တာဝန်ရှိသူများ၏ သတိပေးပြောကြားချက်များကို ကိုးကား၍ အဆိုပါသတင်းစာက ထည့်သွင်းဖော်ပြထားသည်။ Tehran Times သတင်းစာတိုက်သည် အီရန်၏အဓိပတိခေါင်းဆောင် Ali Khamenei မှ ခန့်အပ်ထားသော အစ္စလာမ္မစ် ပြန့်ပွားရေးအဖွဲ့အစည်းက ပိုင်ဆိုင်ထားသည်။ တီဟီရန်အနေဖြင့် ၎င်း၏ နျူကလီးယားအစီအစဉ်နှင့်ပတ်သက်၍ သဘောတူညီချက် မရရှိခဲ့ပါက အီရန်ကိုဗုံးကြဲမည်ဟု အမေရိကန်သမ္မတဒေါ်နယ်ထရန့်က _သတိပေးခဲ့ကြောင်း သိရသည်။

The Telegraph သတင်းဌာန၏အစီရင်ခံစာအရ အမေရိကန်ဘက်က တိုက်ခိုက်လာခဲ့ပါက အီရန်နိုင်ငံသည် အိန္ဒိယသမုဒ္ဒရာရှိ ဗြိတိန်-အမေရိကန် နှစ်နိုင်ငံပူးတွဲရေတပ်အခြေစိုက်စခန်းကိုလက်တုံ့ပြန်တိုက်ခိုက်မည်ဖြစ်ကြောင်း ပြောကြားထားသည်။ မဟာဗျူဟာမြောက်လေတပ်စခန်းတွင် အမေရိကန်က တာဝေးပျံသန်းတိုက်ခိုက်နိုင်သောဗုံးကြဲလေယာဉ်များ တပ်ဖြန့်ချထားခဲ့ပြီးနောက် အီရန်စစ်ဘက်အကြီးတန်းအရာရှိ တစ်ဦး၏ ယခုကဲ့သို့ မှတ်ချက်ပြုပြောကြားချက် ထွက်ပေါ်လာခဲ့ခြင်းလည်းဖြစ်သည်ဟု The Telegraph သတင်းဌာနက ထည့်သွင်းရေးသားထားကြောင်း သိရသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ငလျင်ဘေးဒဏ်သင့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် စေတနာရှင်၊ အလှူရှင်များက အလှူငွေများပေးအပ်လှူဒါန်းပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။







**ရှေ့ဖုံးမှအဆက်**

ငလျင်ဘေးဒဏ် ကျရောက်ခဲ့သည့် အခြေအနေများ၊ ပြည်ပနိုင်ငံများမှ ကူညီကယ်ဆယ်ရေးအဖွဲ့များနှင့် ကူညီထောက်ပံ့ရေးပစ္စည်းများပေးပို့မှုအခြေအနေများ၊ယခုကဲ့သို့စေတနာထက်သန်စွာဖြင့် လာရောက်လှူဒါန်းမှုများအပေါ် ကျေးဇူးတင်ရှိမှုတို့နှင့် ပတ်သက်၍ပြောကြားရာတွင် မြန်မာနိုင်ငံတွင်လှုပ်ခတ်ခဲ့သည့် ငလျင်ကြီး ၁၈ ကြိမ်အနက် ၁၉၁၂ ခုနှစ် မေ ၂၃ ရက်တွင်လှုပ်ခတ်ခဲ့သည့် ပြင်းအား ၈ ရစ်ချ်တာစကေးရှိ မေမြို့ငလျင်သည် အပြင်းထန်ဆုံးဖြစ်ပြီး ဒုတိယအပြင်းထန်ဆုံးမှာ လက်ရှိဖြစ်ပေါ်ခဲ့သည့် ပြင်းအား ၇ ဒသမ ၇ ရစ်ချ်တာစကေးရှိငလျင်ဖြစ်ကြောင်း၊ငလျင်နှင့်ပတ်သက်ပါက အကြိမ်ကြိမ်အဖန်ဖန်လှုပ်ခတ်ခဲ့သည့် သင်ခန်းစာများရှိပြီးဖြစ်သဖြင့် ငလျင်ကြောင့်ဖြစ်ပေါ်လာသည့်ဖြစ်ပျက်မှုများကိုသတိပြုရန်နှင့် သင်ခန်းစာရယူနိုင်ရန် လိုကြောင်း၊ ငလျင်လှုပ်ခတ်ပြီးချိန်၌ နေပြည်တော်ကောင်စီနယ်မြေအတွင်းထိခိုက်မှုများ များပြားကြောင်းသိရှိရသည့်အတွက် မိမိအနေဖြင့်ငလျင်လှုပ်ခတ်အပြီး နာရီပိုင်းအတွင်း လှည့်လည်ကြည့်ရှုခဲ့ကြောင်း၊ မြို့တွင်းရှိအချို့သောလမ်းကြောင်းများ၊ အဆောက်အအုံများအနေဖြင့် ထိခိုက်ပျက်စီးမှုအလွန်များပြားခဲ့သည်ကို တွေ့ရကြောင်း၊ ထို့ကြောင့် ဖြစ်ပေါ်ခဲ့သည့် ငလျင်ဘေးဒဏ်နှင့်ပတ်သက်၍ မိမိအနေဖြင့် အသိပေးပြောကြားချက်တစ်ခုကိုချက်ချင်းထုတ်ပြန်ပြောကြားခဲ့ကြောင်း၊ ထိုသို့ထုတ်ပြန်ချိန်တွင် မိမိတို့နိုင်ငံ တစ်ခုတည်းအနေဖြင့် ကူညီကယ်ဆယ်ရေး လုပ်ငန်းများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရန်မှာ အချိန်များစွာယူရမည်ဖြစ်သည့်အတွက် ပြည်ပမှ အကူအညီများ ရရှိစေရေးအတွက်လည်း ထည့်သွင်းပြောကြားခဲ့ကြောင်း။

ထိုသို့ပြောကြားခဲ့သဖြင့် ငလျင်လှုပ်ခတ်မှုဖြစ်ပွားအပြီး အချိန်နာရီအတိုင်းအတာတစ်ခုအတွင်း တရုတ်နိုင်ငံမှကူညီကယ်ဆယ်ရေးအဖွဲ့ အပါအဝင် နိုင်ငံတကာမှကူညီကယ်ဆယ်ရေးအဖွဲ့များနှင့်ကူညီထောက်ပံ့ရေးပစ္စည်းများ ရောက်ရှိလာခြင်းကြောင့် ငလျင်ဒဏ်သင့်ဒေသများ၌ ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို အချိန်တိုအတွင်း ဝိုင်းဝန်းဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ထိုသို့ကူညီကယ်ဆယ်ရေးအဖွဲ့များနှင့် ကူညီထောက်ပံ့ရေးပစ္စည်းများပို့ဆောင်ပေးခဲ့ခြင်းအတွက် နိုင်ငံတကာကိုလည်း မိမိတို့အနေဖြင့် များစွာကျေးဇူးတင်ရှိသည်ကို ပြောကြားလိုကြောင်း၊ အလားတူ အိန္ဒိယနိုင်ငံဝန်ကြီးချုပ်၊ အာဆီယံအလှည့်ကျဥက္ကဋ္ဌ မလေးရှားနိုင်ငံဝန်ကြီးချုပ်၊ ပါကစ္စတန်နိုင်ငံဝန်ကြီးချုပ်တို့အနေဖြင့်လည်း လိုအပ်သည့်အကူအညီများပေးအပ်နိုင်ရေး ဖုန်းဖြင့် ဆက်သွယ်ပြောကြားခဲ့သကဲ့သို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတ မစ္စတာရှီကျင့်ဖျင် အပါအဝင်၊ ကမ္ဘောဒီးယားနိုင်ငံ၊ ဘရူနိုင်းနိုင်ငံ၊ နီကာရာဂွာနိုင်ငံတို့မှ အကြီးအကဲများကလည်း ဝမ်းနည်းကြောင်းနှင့် စာနာထောက်ထားကြောင်း သဝဏ်လွှာများ ပေးပို့ဆက်သွယ်ခြင်းနှင့် အခြားလိုအပ်သည့် အကူအညီများကို ပေးအပ်ခဲ့ကြကြောင်း။

နိုင်ငံတော်အနေဖြင့် ဘီလီယံ ၅၀၀ ကိုမတည်၍ ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ငလျင်နှင့်ပတ်သက်၍ ၁၉၁၂ ခုနှစ်ခန့်မှစတင်၍ ငလျင်များလှုပ်ခတ်ခဲ့သည့် သင်ခန်းစာများ များစွာရရှိခဲ့ပြီးဖြစ်ကြောင်း၊ ငလျင်နှင့်ပတ်သက်၍ အလေးထားပြီးဆောင်ရွက်ရန် လိုအပ်ချက်များရှိသည်ကို တွေ့ရကြောင်း၊ အဆောက်အအုံများနှင့်ပတ်သက်၍လည်း အဆောက်အအုံများ ဆောက်လုပ်ရာတွင်ဖြစ်ပေါ်လာနိုင်မည့်ငလျင်ဒဏ်ကိုထည့်သွင်းစဉ်းစားခြင်းမရှိဘဲ ဆောင်ရွက်ခဲ့သည်များရှိခြင်းကြောင့် ယခုဖြစ်ပေါ်ခဲ့သည့် ငလျင်သဘာဝဘေးတွင် မလိုလားအပ်ဘဲ သေဆုံးခဲ့ရမှုများ၊ ဒဏ်ရာရရှိခဲ့ရမှုများနှင့် အပျောက်အဆုံးများရှိခဲ့ရကြောင်း၊ယနေ့နံနက် ၈ နာရီထိ စာရင်းကောက်ယူမှုများအရ ငလျင်ဘေးဒဏ်ကြောင့် သေဆုံးခဲ့ရသူ ၂၇၁၉ ဦး၊ ထိခိုက်ဒဏ်ရာရရှိသူ ၄၅၂၁ ဦး၊ ပျောက်ဆုံးနေသူ ၄၄၁ ဦးရှိသည်ဟု သိရှိရပြီး ကယ်ဆယ်ရေးလုပ်ငန်းများကို အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း၊ မိမိအနေဖြင့် ငလျင်ဘေးဒဏ်သင့်ခဲ့ရသည့်ဒေသများသို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့စဉ် ငလျင်သဘာဝဘေးဒဏ်သည် အင်ဂျင်နီယာပိုင်းဆိုင်ရာအတွက် ကြီးမားသည့်စိန်ခေါ်မှုပင်ဖြစ်ကြောင်း၊ အင်ဂျင်နီယာရှုထောင့်အရ အဆောက်အအုံများတည်ဆောက်ရာတွင် စနစ်တကျတွက်ချက်ဆောက်လုပ်သင့်သည်ကို သင်ခန်းစာဖော်ထုတ်ရရှိခဲ့ကြောင်း၊ ယနေ့နံနက်ပိုင်းတွင် မိမိအနေဖြင့် မာရဝိဇယ ရုပ်ပွားတော်မြတ်ကြီး၌ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့ရမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး မာရဝိဇယဆင်းတုတော်ကြီးနှင့် ပလ္လင်တော်ကြီးတို့အနေဖြင့် တိမ်းစောင်းခြင်း၊ နိမ့်ကျခြင်း၊ တွဲဆက်ထားသည့်အပိုင်းများ





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ ငလျင်ဘေးဒဏ်သင့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရန်အတွက် စေတနာရှင်၊ အလှူရှင်များက အလှူငွေများပေးအပ်လှူဒါန်းစဉ်။



နိုင်ငံတော်အဆင့်ဝမ်းနည်းခြင်းအထိမ်းအမှတ်နေ့ရက် တစ်နိုင်ငံလုံးအတိုင်းအတာလှုပ်ရှားမှုအဖြစ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ၊ စေတနာရှင်၊ အလှူရှင်များ၊ တက်ရောက်လာကြသူများက တစ်မိနစ်ငြိမ်သက်စွာရပ်တန့်၍ တစ်နိုင်ငံလုံးမှ ပြည်သူလူထုနှင့်အတူ ဦးညွှတ်ဂါရဝပြုကြစဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ ငလျင်ဘေးဒဏ်သင့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရန်အတွက် စေတနာရှင်၊ အလှူရှင်များက အလှူငွေများပေးအပ်လှူဒါန်းစဉ်။

ကွဲအက်ခြင်းတို့ လုံးဝမရှိခဲ့ကြောင်းနှင့်အခြားသာသနိကအဆောက်အအုံများတွင် ထိခိုက်ပျက်စီးမှုအနည်းငယ်သာဖြစ်ပေါ်ခဲ့သည်ကို တွေ့ရှိခဲ့ရကြောင်း၊ တည်ဆောက်ရေးလုပ်ငန်းများ စတင်ဆောင်ရွက်စဉ်ကတည်းကပင် ရေရှည်တည်တံ့ခိုင်မြဲစေရေးအတွက် လေပြင်းတိုက်ခတ်မှုဒဏ်ခံနိုင်ရေး၊ မြေငလျင်ဒဏ်ခံနိုင်ရေးနှင့် သဘာဝဘေးဒဏ် အန္တရာယ်များမှ ခံနိုင်မှုရှိစေရေးစနစ်တကျတွက်ချက်တည်ဆောက်ခဲ့မှုနှင့် ခေတ်မီနည်းပညာများအသုံးပြုတည်ဆောက်ခဲ့မှုကြောင့်ဖြစ်သည်ကို တွေ့ရှိရကြောင်း။

ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့ရသည့်နေရာများတွင် ကနဦးအနေဖြင့် အပျက်အစီးများ ဖယ်ရှားရှင်းလင်းခြင်းများကို ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဒုတိယပိုင်းအနေဖြင့် ဆက်သွယ်ရေးလမ်းကြောင်းများ အမြန်ဆုံးယခင်အတိုင်းပြန်လည်သွားလာနိုင်ရေး ပြုပြင်ဆောင်ရွက်ပေးသွားရမည်ဖြစ်ကြောင်း၊ တတိယပိုင်းအနေဖြင့် ပြိုကျနေဆဲဖြစ်သည့် အန္တရာယ်ရှိ အဆောက်အအုံများကို ဖယ်ရှားရှင်းလင်းခြင်းလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ထိုမှတစ်ဆင့် ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီး ဆုံးရှုံးခဲ့ရသည့် လမ်းတံတားများ၊နိုင်ငံပိုင်အဆောက်အအုံများပြန်လည်တည်ဆောက်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အင်တိုက်အားတိုက်ဖြင့် ဆက်လက် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ၁၂ နာရီ ၅၁ မိနစ် ဝ၂ စက္ကန့်တွင် နိုင်ငံတော်အဆင့်ဝမ်းနည်းခြင်းအထိမ်းအမှတ်နေ့ရက် တစ်နိုင်ငံလုံးအတိုင်း အတာလှုပ်ရှားမှုအဖြစ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များ၊ စေတနာရှင်၊ အလှူရှင်များ၊ တက်ရောက်လာကြသူများသည် တစ်မိနစ်ငြိမ်သက်စွာရပ်တန့်၍ တစ်နိုင်ငံလုံးမှ ပြည်သူလူထုနှင့်အတူ ဦးညွှတ်ဂါရဝပြုကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဆက်လက်ပြောကြားရာတွင် အဆောက်အအုံများနှင့်ပတ်သက်၍အချို့အာမခံလုပ်ငန်းများ ဆောင်ရွက်ထားသည့်အဆောက်အအုံများအား အာမခံလျော်ကြေးငွေများနှင့် အဆောက်အအုံများ ဖျက်သိမ်းခွင့်ရရှိရေးအတွက်ဆောင်ရွက်သွားရန်လိုကြောင်း၊ နိုင်ငံတော်အပိုင်းကလည်း တတ်နိုင်သလောက်ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ပုဂ္ဂလိက တည်ဆောက်ရေးလုပ်ငန်းများအတွက်လည်း နိုင်ငံတော်အနေဖြင့် တတ်နိုင်သမျှဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ယခုအခမ်းအနားသို့ မလာရောက်မီ မိမိအနေဖြင့် လွှတ်တော်အဆောက်အအုံများ ငလျင်ဘေးဒဏ်သင့်ခဲ့ရမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး ပျက်စီးဆုံးရှုံးမှုပမာဏကြီးမားသည့်အတွက် များစွာပြန်လည်ပြုပြင် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

ယခုကဲ့သို့ ငလျင်ဒဏ်ကြောင့် ထိခိုက်မှုများဖြစ်ပေါ်ခဲ့ခြင်းကြောင့် နိုင်ငံတော်အတွက် စီးပွားရေးကဏ္ဍကိုလည်း တိုးတက်အောင်ဝိုင်းဝန်းဆောင်ရွက်ပေးကြစေလိုကြောင်း၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်နိုင်ရန်အတွက် လုပ်ငန်းရှင်များအနေဖြင့်

စာမျက်နှာ ၁၈ သို့



အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းထံ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦးက အလှူငွေများ ပေးအပ်လှူဒါန်းစဉ်။

အနေဖြင့် သိရှိပြီးဖြစ်ပြီး ထိုသို့ ဆောင်ရွက်နေခြင်းသည် တိုက်ခိုက်ခြင်းပင်ဖြစ်သဖြင့် တပ်မတော်အနေဖြင့်လိုအပ်သည့်ကာကွယ်ရေးဆိုင်ရာလုပ်ငန်းများကို ဆက်လက်ဆောင် ရွက်သွားမည်ဖြစ်ကြောင်း။

အချုပ်အားဖြင့်ဆိုရပါက ယခုကဲ့သို့ငလျင်ဘေးဒဏ်သင့်ဒေသများ

ငွေများ ပေးအပ်လှူဒါန်းကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများပြန်လည်ပေးအပ်သည်။

ဆက်လက်ပြီး စေတနာရှင် အလှူရှင်များ၊ ဝန်ကြီးဌာနများ၊

ချုပ်(ရေ) ဗိုလ်ချုပ်ကြီးထိန်ဝင်း၊ ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်တို့က အသီးသီးလက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

အလှူငွေများပေးအပ်လှူဒါန်းပွဲအခမ်းအနားအပြီးတွင် နိုင်ငံတော်

**ယနေ့ နေပြည်တော်တွင် ကျင်းပပြုလုပ်သည့် ငလျင်ဘေးဒဏ်သင့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရန်အတွက် စေတနာရှင်၊ အလှူရှင်များက အလှူငွေများပေးအပ်လှူဒါန်းပွဲအခမ်းအနားတွင် ငွေသား ၁၀၄ ဒသမ ၄၄ ဘီလီယံ၊ အလှူပစ္စည်း ၁၂ ဒသမ ၄ ဘီလီယံ စုစုပေါင်း ၁၁၆ ဒသမ ၈၄ ဘီလီယံကို လက်ခံရရှိခဲ့ . . .**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦးထံ စေတနာရှင်၊အလှူရှင်တစ်ဦးက အလှူငွေများပေးအပ်လှူဒါန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦးထံ စေတနာရှင်၊အလှူရှင်တစ်ဦးက အလှူငွေများ ပေးအပ်လှူဒါန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းထံ စေတနာရှင်၊ အလှူရှင်တစ်ဦးက အလှူငွေများ ပေးအပ်လှူဒါန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမောင်မောင်အေးထံ စေတနာရှင်၊ အလှူရှင်တစ်ဦးက အလှူငွေများ ပေးအပ်လှူဒါန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီးညိုစောထံ စေတနာရှင်၊ အလှူရှင်တစ်ဦးက အလှူငွေများ ပေးအပ်လှူဒါန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်ထံ စေတနာရှင်၊အလှူရှင်တစ်ဦးက အလှူငွေများ ပေးအပ်လှူဒါန်းစဉ်။

**စာမျက်နှာ ၁၇ မှအဆက်**

ဝိုင်းဝန်းဆောင်ရွက်ပေးကြရန်လိုကြောင်း၊ ငွေကြေးတတ်နိုင်သူများအနေဖြင့် တောင်သူလယ်သမားများ၏ စိုက်ပျိုးရေးလုပ်ငန်းများ တိုးတက်စေရေး ဝိုင်းဝန်းဆောင်ရွက်ပေးကြစေလိုကြောင်း။

အလားတူ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန်အတွက် တည်ငြိမ်အေးချမ်းမှုရှိရန်လည်းလိုကြောင်း၊ တည်ငြိမ်အေးချမ်းမှုရှိမှသာလျှင် စီးပွားရေးအရ ဖွံ့ဖြိုးတိုးတက်မှုများကို ပိုမိုဆောင်ရွက်နိုင်မည် ဖြစ်ကြောင်း၊ သို့သော်လည်း အကြမ်းဖက်အဖျက်သမားများအနေဖြင့် လျှပ်စစ်ခေတ်အား ပြတ်တောက်စေရေးအပြင် အခြားသော အဖျက်အမှောင့်လုပ်ရပ်များကိုလုပ်ဆောင်နေမှုများရှိကြောင်း၊ငလျင်ဘေးဒဏ်ကြောင့် လက်နက်ကိုင်အဖွဲ့များအနေဖြင့် နှစ်ပတ်အပစ်အခတ်ရပ်စဲမည်ဟု ထုတ်ပြန်ထားကြောင်း၊တပ်မတော်အနေဖြင့် မည်သည့်တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့စခန်းကိုမျှ ဦးစွာတိုက်ခိုက်ခဲ့ခြင်းမရှိဘဲ ၎င်းတို့လာရောက်တိုက်ခိုက်မှသာလျှင် လိုအပ်သည့်တုံ့ပြန်မှုများကို ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ လက်တွေ့ကျကျ ထိထိရောက်ရောက်အကောင်အထည်ဖော်နိုင်ရန်အတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအားလုံးကို တွေ့ဆုံဆွေးနွေးရန် အမြဲဖိတ်ခေါ် တံခါးဖွင့်ထားလျက်ရှိပြီးဖြစ်ကြောင်း၊ တိုင်းရင်းသားပြည်သူအားလုံး ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှု၏အရသာကို ခံစားနိုင်ရေးရိုးသားပွင့်လင်းစွာ ဆွေးနွေးသွားကြရန် လိုအပ်မည်ဖြစ်ကြောင်း၊ လက်နက်ကိုင်အဖွဲ့များအနေဖြင့် ငြိမ်းချမ်းရေးလမ်းစဉ်များအတိုင်း အမှန်တကယ်လိုက်နာဆောင်ရွက်ကြရန် လိုကြောင်း၊ အကြမ်းဖက်သမားများအနေဖြင့် နိုင်ငံရေးအရဖြစ်ပေါ်လာသည့်ပြဿနာကို အကြမ်းဖက်သည့် နည်းလမ်းဖြင့် ဖြေရှင်းရန် ရွေးချယ်ခဲ့ကြခြင်းဖြစ်ပြီး မိမိတို့အနေဖြင့် ချမှတ်ထားသည့်လုပ်ငန်းစဉ်များအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အချို့သောတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအနေဖြင့် လက်ရှိအခြေအနေတွင်တိုက်ပွဲဖော်ဆောင်ခြင်းများမရှိသော်လည်း တိုက်ခိုက်မှုများလုပ်ဆောင်ရန်အတွက် စုဖွဲ့ခြင်း၊ လေ့ကျင့်ပြင်ဆင်ခြင်းများ လုပ်ဆောင်နေကြသည်ကို မိမိတို့၌ ကူညီကယ်ဆယ်ရေးနှင့်ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရန်အတွက် စာနာထောက်ထားမှုအပြည့်ဖြင့် လာရောက်လှူဒါန်းမှုပြုကြသည့် စေတနာရှင်အလှူရှင်များ၊ ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများအားလုံးကို အထူးပင် ကျေးဇူးတင်ရှိပါကြောင်း၊ တိုင်းပြည် တည်ဆောက်ရေးလုပ်ငန်းများတွင် ယခုထက်ပို၍ ပါဝင်ဆောင်ရွက်နိုင်ပါစေကြောင်းနှင့် စီးပွားရေးလုပ်ငန်းများ ယခုထက် ပိုမိုတိုးတက်ပါစေရန် ဆုတောင်းမေတ္တာပြုပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ငလျင်ဘေးဒဏ်သင့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့်ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် စေတနာရှင်၊အလှူရှင်များက အလှူအဖွဲ့အစည်းများက အလှူငွေများ ဆက်လက်ပေးအပ်လှူဒါန်း ကြရာ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယ ဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကောင်စီ တွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ဗိုလ်ချုပ်ကြီး ညိုစော၊ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ ဦးဝဏ္ဏမောင်လွင်၊ ဗိုလ်ချုပ်ကြီး မောင်မောင်အေး၊ ပိုးရယ်အောင်သိန်း၊မန်းငြိမ်းမောင်၊ ဒေါက်တာမှုထန်၊ ဒေါက်တာဘရွှေ၊ ခွန်စံလွင်၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး ကျော်စွာလင်း၊ ကာကွယ်ရေးဦးစီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စေတနာရှင်၊ အလှူရှင်များကို ရင်းရင်းနှီးနှီးနှုတ်ဆက်ပြီး လက်ဖက်ရည်ဝိုင်းဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

ယနေ့ နေပြည်တော်တွင် ကျင်းပပြုလုပ်သည့် ငလျင်ဘေးဒဏ်သင့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် စေတနာရှင်၊ အလှူရှင်များက အလှူငွေများပေးအပ်လှူဒါန်းပွဲ အခမ်းအနားတွင် ငွေသား ၁၀၄ ဒသမ ၄၄ ဘီလီယံ၊ အလှူပစ္စည်း ၁၂ ဒသမ ၄ ဘီလီယံ စုစုပေါင်း ၁၁၆ ဒသမ ၈၄ ဘီလီယံကို လက်ခံရရှိခဲ့ကြောင်း သတင်းရရှိသည်။

(၅၀၁)



မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဖူးမြော်ကြည်ညိုစဉ်။







ပလ္လင်တော်ကြီးအား လစဉ် တိုင်းတာစစ်ဆေးခြင်းမှတ်တမ်း (ဒုတိယနှစ်)

| စဉ် | ရက်စွဲ | ပလ္လင်တော် ရှေ့ညာ (P-6) | ပလ္လင်တော် ရှေ့ဘယ် (P-7) | ပလ္လင်တော် နောက်ညာ (P-8) | ပလ္လင်တော် နောက်ဘယ် (P-9) | မှတ်ချက် |
|---|---|---|---|---|---|---|
| ၁ | ၂၇.၈.၂၀၂၄ | x - (-8.101) m<br>y - 2.610 m<br>z - 3.910 m | x - 8.096 m<br>y - 2.572 m<br>z - 3.918 m | x - (-8.069) m<br>y - 13.873 m<br>z - 3.922 m | x - 8.132 m<br>y - 13.841 m<br>z - 3.921 m | |
| ၂ | ၂၇.၉.၂၀၂၄ | x - (-8.099) m<br>y - 2.610 m<br>z - 3.911 m | x - 8.094 m<br>y - 2.572 m<br>z - 3.918 m | x - (-8.068) m<br>y - 13.873 m<br>z - 3.921 m | x - 8.131 m<br>y - 13.840 m<br>z - 3.920 m | |
| ၃ | ၂၇.၁၀.၂၀၂၄ | x - (-8.098) m<br>y - 2.610 m<br>z - 3.909 m | x - 8.094 m<br>y - 2.573 m<br>z - 3.918 m | x - (-8.071) m<br>y - 13.872 m<br>z - 3.921 m | x - 8.131 m<br>y - 13.839 m<br>z - 3.921 m | |
| ၄ | ၂၇.၁၁.၂၀၂၄ | x - (-8.100) m<br>y - 2.610 m<br>z - 3.910 m | x - 8.093 m<br>y - 2.574 m<br>z - 3.919 m | x - (-8.070) m<br>y - 13.872 m<br>z - 3.920 m | x - 8.131 m<br>y - 13.840 m<br>z - 3.919 m | |
| ၅ | ၂၇.၁၂.၂၀၂၄ | x - (-8.102) m<br>y - 2.609 m<br>z - 3.909 m | x - 8.093 m<br>y - 2.573 m<br>z - 3.917 m | x - (-8.068) m<br>y - 13.872 m<br>z - 3.921 m | x - 8.131 m<br>y - 13.840 m<br>z - 3.919 m | |
| ၆ | ၂၇.၁.၂၀၂၅ | x - (-8.101) m<br>y - 2.609 m<br>z - 3.910 m | x - 8.093 m<br>y - 2.573 m<br>z - 3.917 m | x - (-8.069) m<br>y - 13.873 m<br>z - 3.922 m | x - 8.131 m<br>y - 13.840 m<br>z - 3.921 m | |
| ၇ | ၂၇.၂.၂၀၂၅ | x - (-8.100) m<br>y - 2.610 m<br>z - 3.910 m | x - 8.093 m<br>y - 2.573 m<br>z - 3.917 m | x - (-8.068) m<br>y - 13.871 m<br>z - 3.921 m | x - 8.131 m<br>y - 13.841 m<br>z - 3.919 m | |
| ၈ | ၂၇.၃.၂၀၂၅ | x - (-8.101) m<br>y - 2.610 m<br>z - 3.910 m | x - 8.092 m<br>y - 2.574 m<br>z - 3.918 m | x - (-8.068) m<br>y - 13.870 m<br>z - 3.921 m | x - 8.131 m<br>y - 13.841 m<br>z - 3.920 m | |
| ၂၈.၃.၂၀၂၅ ရက်နေ့ ၁၂:၅၁ အချိန် အင်အားပြင်း ငလျင်လှုပ်ခတ်ခြင်း (၇.၇ မဂ္ဂနီကျု) | | | | | | |
| ၀.၀ | ၂၈.၃.၂၀၂၅ | x - (-8.102) m<br>y - 2.612 m<br>z - 3.908 m | x - 8.092 m<br>y - 2.575 m<br>z - 3.916 m | x - (-8.067) m<br>y - 13.870 m<br>z - 3.921 m | x - 8.130 m<br>y - 13.840 m<br>z - 3.921 m | |

- ငလျင်မလှုပ်ခတ်မီ လစဉ်တိုင်းတာစစ်ဆေးချက်များနှင့် ငလျင်လှုပ်ခတ်ပြီး တိုင်းတာစစ်ဆေးခြင်းများအရ Datum Point များ သိသိသာသာ ပြောင်းလဲသွားခြင်း မရှိပါ။
- ဆင်းတုတော်ကြီးနှင့် ပလ္လင်တော်ကြီး တိမ်းစောင်းခြင်း၊ နိမ့်ကျခြင်း၊ တွဲဆက်ထားသည့်အပိုင်းများကွဲအက်ခြင်း လုံးဝမရှိကြောင်း စစ်ဆေးတွေ့ရှိရပါသည်။

၃

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား တာဝန်ရှိသူတစ်ဦးက ရှင်းလင်းတင်ပြစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ငလျင်ဘေးဒဏ်ကြောင့် ဗုဒ္ဓဥယျာဉ်ပရိဝုဏ်တော်အတွင်းရှိ သာသနိကအဆောက်အအုံများ ထိခိုက်ပျက်စီးမှုအခြေအနေများ ကို ကြည့်ရှုစစ်ဆေးစဉ်။

☆ **ကျောဖုံးမှအဆက်**

သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား မာရဝိဇယဂေါပကအဖွဲ့ရုံး၌ ဂေါပကဥက္ကဋ္ဌ ဦးသန့်ဆွေ၊ စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်နှင့် စစ်အင်ဂျင်နီယာ ညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်ဇော်နိုင်ဦး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်နှင့် တာဝန်ရှိသူများက မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ဆင်းတုတော်ကြီးနှင့် ပလ္လင်တော်ကြီး၏ အတိုင်းအတာ အချက်အလက်များနှင့် Datum Point များကို နေ့စဉ်၊ လစဉ် တိုင်းတာစစ်ဆေးလျက်ရှိမှု၊ မတ် ၂၇ ရက်အထိ တိုင်းတာထားရှိသည့် အချက်အလက်များနှင့် မတ် ၂၈ ရက် ငလျင်လှုပ်ခတ်ပြီးချိန်တွင် တိုင်းတာရရှိသည့် အချက်အလက်များကို တိုက်ဆိုင်စစ်ဆေးချက်များအရ Datum Point များ ပြောင်းလဲသွားခြင်းမရှိကြောင်းနှင့် ဆင်းတုတော်ကြီးနှင့်

**စာမျက်နှာ ၂၀ သို့**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မာရဝိဇယရုပ်ပွားတော်မြတ်ကြီးသို့ လာရောက်ဖူးမြော်ကြည်ညိုကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။



**စာမျက်နှာ ၁၉ မှအဆက်**

ပလ္လင်တော်ကြီးတို့အနေဖြင့် တိမ်းစောင်းခြင်း၊ နိမ့်ကျခြင်း၊ တွဲဆက်ထားသည့်အပိုင်းများ ကွဲအက်ခြင်းတို့ လုံးဝမရှိကြောင်းကို စစ်ဆေးတွေ့ရှိရမှု၊ ရင်ပြင်တော်ကြီး၊ ဂန္ဓကုဋိတိုက်တို့ရှိ ကျောက်ပြားများအပါအဝင် သာသနိကအဆောက်အအုံများရှိ မျက်နှာကြက်များ ငလျင်ဒဏ်ကြောင့် အနည်းငယ်ထိခိုက်ပျက်စီးခဲ့မှုနှင့် ပြုပြင်ဆောင်ရွက်လျက်ရှိမှု၊ အခြားသာသနိကအဆောက်အအုံများနှင့် ပရိဝုဏ်တော်အတွင်းရှိ ပတ်လမ်းများတွင် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများ အနည်းငယ်ဖြစ်ပေါ်ခဲ့မှု ရုပ်ပွားတော်မြတ်ကြီး စတင်တည်ထားစဉ်ကတည်းက ဖွဲ့စည်းထားရှိသည့် တည်ဆောက်ရေးအဖွဲ့နှင့် ငလျင်ပညာရှင်အဖွဲ့တို့ဖြင့် ငလျင်ဆိုင်ရာဖြစ်ပွားမှုအပေါ် ခေတ်မီနည်းပညာများဖြင့် စနစ်တကျစစ်ဆေးနိုင်ရေးနှင့် မှတ်တမ်းတင်





အဂ္ဂါဓိပတိသာသနဝိမာန်တော်ကြီးအတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဖူးမြော်ကြည်ညိုစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ငလျင်ဘေးဒဏ်ကြောင့် အဂ္ဂါဓိပတိသာသနဝိမာန်တော်ကြီးအတွင်း ထိခိုက်ပျက်စီးမှုအနည်းငယ်ကို ကြည့်ရှုစစ်ဆေးစဉ်။

ရာတွင် ခိုင်မာမှုရှိစေရေးအတွက် ခေတ်မီအင်ဂျင်နီယာနည်းပညာများနှင့် ဆောင်ရွက်ထားခြင်းဖြစ်ကြောင်း၊ ရုပ်ပွားတော်မြတ်ကြီး ရေရှည်တည်တံ့ခိုင်မြဲစေရန်အတွက် တန်ချိန် ၂၀၀၀၀ ထိခံနိုင်သည့် အောက်ခံအမာရရှိရေး၊ တစ်နာရီ လေတိုက်နှုန်းမိုင် ၁၂၀ ရှိသည့် လေပြင်းမုန်တိုင်းတိုက်ခတ်မှုဒဏ်ခံနိုင်ရေး၊ မြန်မာနိုင်ငံတွင် အမြင့်ဆုံးလှုပ်ခတ်နိုင်သည့် Earthquake Magnitude ၈ ဒသမ ၈ အထိ မြေငလျင်ဒဏ်ခံနိုင်ရေးနှင့် လျှပ်စီးမိုးကြိုးများကြောင့် ဆင်းတုတော်ကြီး ထိခိုက်မှုမရှိစေရေးတို့အတွက် အင်ဂျင်နီယာရှုထောင့်မှ စနစ်တကျတွက်ချက် တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း၊ ဆင်းတုတော်ကြီး၏ကျောက်တုံးတော်ကြီးများကို တွဲဆက်ခြင်းများ ဆောင်ရွက်ရာတွင်လည်း သမားရိုးကျနည်းလမ်းထားရှိနိုင်ရေး၊ အနည်းငယ်သောထိခိုက်ပျက်စီးမှုအခြေအနေများကို စနစ်တကျပြုပြင်နိုင်ရေး၊ နောင်တွင်ဖြစ်ပေါ်လာနိုင်မည့် ငလျင်အခြေအနေများအပေါ် ကြိုတင်ကာကွယ်နိုင်ရေး ဆောင်ရွက်လျက်ရှိမှုစသည်တို့ကို ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများ စတင်ဆောင်ရွက်စဉ်ကတည်းကပင် ရေရှည်တည်တံ့ခိုင်မြဲစေရေးအတွက် လေပြင်းတိုက်ခတ်မှုဒဏ်ခံနိုင်ရေး၊ မြေငလျင်ဒဏ်ခံနိုင်ရေးနှင့် သဘာဝဘေးဒဏ်အန္တရာယ်များမှခံနိုင်မှုရှိစေရေး စနစ်တကျတွက်ချက်တည်ဆောက်ခဲ့မှုနှင့် ခေတ်မီနည်းပညာများ အသုံးပြုတည်ဆောက်ခဲ့မှုကြောင့် ယခုကဲ့သို့ပြင်းထန်ငလျင်ဖြစ်ပေါ်ခဲ့သည့်အချိန်တွင် ဆင်းတုတော်ကြီးနှင့် ပလ္လင်တော်ကြီးတို့အနေဖြင့် တိမ်းစောင်းခြင်း၊ နိမ့်ကျခြင်း၊ တွဲဆက်ထားသည့်အပိုင်းများ ကွဲအက်ခြင်းတို့ လုံးဝမရှိခဲ့ခြင်းဖြစ်ကြောင်း၊ တာဝန်ရှိသူများအနေဖြင့် အနည်းငယ်မျှသော ထိခိုက်ပျက်စီးမှုများကို ပြုပြင်ဆောင်ရွက်ရာတွင်လည်း စနစ်တကျဖြင့် ပြုပြင်ဆောင်ရွက်ရေး ကြပ်မတ်ဆောင်ရွက်သွားရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် မာရဝိဇယရုပ်ပွားတော်မြတ်ကြီးသို့ လာရောက်ဖူးမြော်ကြည်ညိုကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။ ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် မာရဝိဇယရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုပြီး ပန်း၊ ရေချမ်း ကပ်လှူပူဇော်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် မာရဝိဇယရုပ်ပွားတော်မြတ်ကြီး ပရိဝုဏ်တော်နှင့် ဂန္ဓကုဋိတိုက်ပတ်လမ်းအတွင်း လှည့်လည်၍ ရေရှည်တည်တံ့ခိုင်မြဲရေး ထိန်းသိမ်းဆောင်ရွက်ထားရှိမှုနှင့် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုအနည်းငယ်အား ပြုပြင်ဆောင်ရွက်လျက်ရှိမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

၎င်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် မာရဝိဇယရုပ်ပွားတော်မြတ်ကြီးရှိ ခေါင်းလောင်းတော်အား ထိုးခတ်ပူဇော်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် အဂ္ဂါဓိပတိသာသနဝိမာန်တော်ကြီးအတွင်း ထိခိုက်ပျက်စီးမှုအနည်းငယ်ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များမှာကြားကာ ဗိမာန်တော်ကြီးအတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညိုသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် မာရဝိဇယဂေါပကအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များကို ယခုဘုရားကြီးသည် ကမ္ဘာပေါ်ရှိထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်ပြီး မြန်မာ့ဂုဏ်ဆောင်သည့် ရုပ်ပွားတော်မြတ်ကြီးဖြစ်သဖြင့် ရေရှည်တည်တံ့ခိုင်မြဲမှုရှိစေရေး ဖြစ်ပေါ်လာနိုင်မည့်အခြေအနေများအပေါ် တွက်ချက်၍ စနစ်တကျစီမံခန့်ခွဲ ဆောင်ရွက်သွားရန်လိုကြောင်း၊ ရုပ်ပွားတော်မြတ်ကြီးသည် ထုထည်ပမာဏကြီးမားပြီး ဉာဏ်တော်အရလည်း ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ် ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သကဲ့သို့ အဂ္ဂါဓိပတိ သာသနဝိမာန်တော်ကြီးသည်လည်း အတွင်းအလယ်ဒေါက်တိုင် လုံးဝမပါရှိသည့် အတွင်းလိုဏ်သဏ္ဍာန် ဒီဇိုင်းရေးဆွဲတည်ဆောက်ထားသော ထုထည်ပမာဏကြီးမားသည့် သာသနိကအဆောက်အအုံကြီးတစ်ခုဖြစ်ကြောင်း၊ ပြင်းထန်သည့် ငလျင်သဘာဝဘေးဒဏ်သည် အင်ဂျင်နီယာပညာရှင်များနှင့် အင်ဂျင်နီယာနည်းပညာများအတွက် ကြီးမားသည့် စိန်ခေါ်မှုပင်ဖြစ်ကြောင်း၊ ယခုကဲ့သို့ အလွန်ပြင်းထန်ပြီး ရှားပါးသည့်မြေငလျင်သဘာဝဘေးဒဏ်ကြုံတွေ့ခဲ့ရချိန်တွင် မာရဝိဇယဆင်းတုတော်ကြီးနှင့် ပလ္လင်တော်ကြီးတို့အနေဖြင့် တိမ်းစောင်းခြင်း၊ နိမ့်ကျခြင်း၊ တွဲဆက်ထားသည့်အပိုင်းများ ကွဲအက်ခြင်းတို့ လုံးဝမရှိခဲ့ခြင်းနှင့် အခြားသာသနိကအဆောက်အအုံများတွင် ထိခိုက်ပျက်စီးမှုအနည်းဆုံးဖြစ်ခဲ့သည်မှာ မိမိတို့အတွက်များစွာ ဝမ်းမြောက်ဂုဏ်ယူရမည်ဖြစ်ပြီး



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မာရဝိဇယရုပ်ပွားတော်မြတ်ကြီးရှိ ခေါင်းလောင်းတော်အား ထိုးခတ်ပူဇော်စဉ်။

တည်ထားပူဇော်ရာတွင် ပါဝင်ခဲ့သည့် အင်ဂျင်နီယာပညာရှင်များကိုလည်း ကျေးဇူးတင်ရှိကြောင်း၊ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် မာရဝိဇယဗုဒ္ဓဥယျာဉ်တော်အတွင်းရှိ သာသနိကအဆောက်အအုံများ ရေရှည်တည်တံ့ခိုင်မြဲမှုရှိစေရေး စနစ်တကျဖြင့် ဆက်လက်ထိန်းသိမ်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်းဖြင့် မှာကြားသည်။

အဆိုပါ ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ် ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော် အမြင့်ဆုံးဖြစ်တော်မူသော မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ထုဆစ်ရာတွင် အပိုင်းလိုက်ခွဲကာ CNC စက်များနှင့် အဆင့်ဆင့်ထွင်းထုခဲ့ခြင်းဖြစ်ကြောင်း၊ ဆင်းတုတော်အပိုင်းများ တွဲဆက်များနှင့် ခေတ်မီအင်ဂျင်နီယာနည်းလမ်းများ ပေါင်းစပ်တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး ဉာဏ်တော် ၆၃ ပေ၊ ပလ္လင်တော် ၁၈ ပေ စုစုပေါင်း ၈၁ ပေ အမြင့်ဆောင်သည့် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ရတနာပုံခေတ်ဟန်အတိုင်း ခေတ်မီနည်းစနစ်ဖြင့် ပေါင်းစပ်ကာ ကြည်ညိုစဖွယ် သပ္ပာယ်လှသည့် ကမ္ဘာ့အကြီးဆုံးရုပ်ပွားတော်မြတ်ကြီးအဖြစ် အောင်မြင်စွာ တည်ထားပူဇော်နိုင်ခဲ့ခြင်းဖြစ်ပြီး ယခုကဲ့သို့ ပြင်းထန်ငလျင်လှုပ်ခတ်ခဲ့ချိန်တွင် ထိခိုက်ပျက်စီးမှု လုံးဝမရှိခဲ့ခြင်းသည် အင်ဂျင်နီယာပညာရပ်အတွက် ဂုဏ်ယူဖွယ်ရာ တည်ဆောက်နိုင်မှု တစ်ခုပင်ဖြစ်ကြောင်း သတင်းရရှိသည်။ (၅၀၁)

# မြန်မာနိုင်ငံတွင် ဖြစ်ပွားခဲ့သည့် အင်အားပြင်းမြေငလျင်ကြောင့် ပျက်စီးဆုံးရှုံးရမှုများနှင့်ပတ်သက်၍ နိုင်ငံတကာမှ နိုင်ငံ့ခေါင်းဆောင်များ၊ အကြီးအကဲများနှင့် ဘာသာရေးအသင်းအဖွဲ့အကြီးအကဲများက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံသို့ ဝမ်းနည်းကြောင်း သဝဏ်လွှာများ ဆက်လက်ပေးပို့

**နေပြည်တော် ဧပြီ ၁**

၂၀၂၅ ခုနှစ် မတ် ၂၈ ရက်တွင် အင်အားပြင်းငလျင်လှုပ်ခတ်မှုကြောင့် ထိခိုက်ပျက်စီးမှုများ၊ အသက်ဆုံးရှုံးမှုများနှင့် ထိခိုက်ဒဏ်ရာရရှိမှုများ အမြောက်အမြားဖြစ်ပေါ်ခဲ့ခြင်းအတွက် နိုင်ငံ ခုနစ်နိုင်ငံမှ နိုင်ငံ့ခေါင်းဆောင်များ၊အကြီးအကဲများနှင့်ဘာသာရေးအသင်းအဖွဲ့အကြီးအကဲများက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံသို့ ဝမ်းနည်းကြောင်း သဝဏ်လွှာများ ဆက်လက်ပေးပို့ကြသည်။

အင်အားပြင်းငလျင်ကြောင့် ထိခိုက်ပျက်စီးမှုများ၊ အသက်ဆုံးရှုံးမှုများနှင့် ထိခိုက်ဒဏ်ရာရရှိမှုများအမြောက်အမြားဖြစ်ပေါ်ခဲ့ခြင်းအတွက် ဥဇဘက်ကစ္စတန်သမ္မတနိုင်ငံ သမ္မတ ရှဗ်ကတ်မာဇီရိုရက်ဗ်ကလည်းကောင်း၊ တာဂျစ်ကစ္စတန်သမ္မတနိုင်ငံ သမ္မတ အီမွန်မာလီရာမွန်ကလည်းကောင်း၊နီပေါနိုင်ငံဝန်ကြီးချုပ် ကေပီရှာမာအိုလီကလည်းကောင်း၊ ထိုင်းနိုင်ငံဝန်ကြီးချုပ် ဖိထောင်တန်ရှင်နာဝပ်ထရာကလည်းကောင်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကြားဖြတ်အစိုးရအကြီးအကဲဖြစ်သူ အကြံပေးပုဂ္ဂိုလ်ချုပ် မိုဟာမက်ယူနွတ်ကလည်းကောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ မကာအိုအထူးအုပ်ချုပ်ရေးဒေသအုပ်ချုပ်ရေးမှူး မစ္စတာ ဆန်ဟောင်ဖန်ကလည်းကောင်း၊ သီရိလင်္ကာအမရပူရ မဟာသံဃာအသင်း၏ အထွေထွေအတွင်းရေးမှူးချုပ် ဆရာတော် ဗလာပိတိယ သီရိသီဝလိနာရခဲသဲရာကလည်းကောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံသို့ ဝမ်းနည်းကြောင်း သဝဏ်လွှာများ အသီးသီးပေးပို့ကြသည်။

အဆိုပါသဝဏ်လွှာများတွင် မြန်မာနိုင်ငံအနေဖြင့် ပြင်းထန်သည့် ငလျင်ဒဏ်ခံစားခဲ့ရပြီး အသက်အိုးအိမ်စည်းစိမ်အများအပြား ထိခိုက်ဆုံးရှုံးရသည်ကို သိရှိရသည့်အတွက် များစွာဝမ်းနည်းမိပါကြောင်း၊ ငလျင်ဒဏ်ခံစားရသည့် ပြည်သူများအတွက် ဝမ်းနည်းစိတ်မကောင်းဖြစ်မိပါကြောင်း၊ ငလျင်ဒဏ်ကြောင့် ထိခိုက်ဒဏ်ရာရရှိသူများနှင့် ၎င်းတို့၏ မိသားစုဝင်များအတွက် စာနာထောက်ထားပါကြောင်း၊ ထိခိုက်သူများအားလုံး အပြည့်အဝပြန်လည်ကောင်းမွန်စေကြောင်း၊ မြန်မာပြည်သူများ၏ ကြံ့ကြံ့ခံနိုင်ရည်ရှိမှုနှင့် စွမ်းအားရှိမှုတို့ဖြင့် ပိုမို၍ ခိုင်မာအားကောင်းလာမည်ကို ယုံကြည်ပါကြောင်း၊ မြန်မာအစိုးရနှင့် ငလျင်ဒဏ်ခံစားခဲ့ရသည့် ပြည်သူများကို စာနာထောက်ထားပါကြောင်း၊ မြန်မာပြည်သူလူထုအနေဖြင့် မိမိတို့နိုင်ငံကို ပြန်လည်တည်ဆောက်နိုင်ရန် စိတ်ဓာတ်ခွန်အားများရရှိလိမ့်မည်ဟု ယုံကြည်ပါကြောင်း၊ ယခုကဲ့သို့ စိန်ခေါ်မှုများကြုံတွေ့ရသည့်အချိန်တွင် သေဆုံးသူများ၏ ကျန်ရစ်သူမိသားစုဝင်များနှင့်အတူ တစ်သားတည်းရပ်တည်လျက်ရှိပါကြောင်း၊ကပ်ဘေးအန္တရာယ်ပြီးပါက မြန်မာနိုင်ငံ၏ကယ်ဆယ်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများအတွက် တတ်နိုင်သည့် ကူညီထောက်ပံ့မှုများကို ဆောင်ရွက်ပေးရန် အသင့်ရှိပါကြောင်း၊ ယခုကဲ့သို့ ကြေကွဲဝမ်းနည်းရသည့်အခိုက်အတန့်၌ နက်နဲသော ဝိပဿနာဖြင့် အနိစ္စသဘောဖြစ်စဉ်ကို ဆင်ခြင်သုံးသပ်ခဲ့ပြီး မြန်မာနိုင်ငံရှိ ထိခိုက်ခံစားခဲ့ရသူအားလုံး၏အကျိုးအတွက် ရည်စူး၍ ကုသိုလ်ကောင်းမှုများပြုလုပ်ခဲ့ပါကြောင်း၊ နိုင်ငံအချင်းချင်းအကြား မြင့်မြတ်သောဆက်နွယ်မှုသည် အပြန်အလှန်စိတ်ပိုင်းဆိုင်ရာ၊ ကရုဏာ၊ ဉာဏ်ပညာနှင့် စည်းလုံးညီညွတ်မှုတို့ကို အားဖြည့်ပေးလျက်ရှိပါကြောင်း တို့ဖြင့် ဝမ်းနည်းစိတ်မကောင်းမှုများကို အသီးသီးဖော်ပြထားကြကြောင်း သတင်းရရှိသည်။

(၅၀၁)

**ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် နိုင်ငံတော်ဝန်ကြီးချုပ်**

**အဆွေတော်–**

မြန်မာနိုင်ငံရှိဒေသအများအပြား၌ အင်အားပြင်းငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့ရသည်ကို ကြားသိရသည့်အတွက် မိမိအနေဖြင့် လွန်စွာဝမ်းနည်းစိတ်မကောင်းဖြစ်မိပါသည်။

ထိုင်းနိုင်ငံအစိုးရနှင့် ထိုင်းပြည်သူများကိုယ်စား အဆွေတော်နှင့် အဆွေတော်မှတစ်ဆင့် ယခုကပ်ဘေးကြောင့် အသက်ဆုံးရှုံးခဲ့ရသူများ၏မိသားစုဝင်များနှင့်ထိခိုက်ခံရသူများအတွက် ဝမ်းနည်းကြောင်း ဖော်ပြလိုပါသည်။

ယခုကဲ့သို့ ခက်ခဲနေသည့်အချိန်ကာလတွင် မြန်မာအစိုးရ၏ ဘေးအန္တရာယ်ကယ်ဆယ်ရေးနှင့် ထိခိုက်ခံစားခဲ့ရသောဒေသများ ပြန်လည်ထူထောင်ရေးအတွက် ကြိုးပမ်းမှုများအား ထိုင်းနိုင်ငံအစိုးရ၏ မပြောင်းလဲသော ထောက်ခံအားပေးမှုကို ထပ်လောင်းအတည်ပြုလိုပါသည်။ မြန်မာပြည်သူများ၏ ကြံ့ကြံ့ခံနိုင်ရည်ရှိမှုနှင့် စွမ်းအားရှိမှုတို့ဖြင့် မြန်မာနိုင်ငံသည် ယခုဘေးကပ်ဆိုးကြီးကို ကျော်လွှားနိုင်မည့်အပြင် ပိုမို၍ ခိုင်မာအားကောင်းလာမည်ဖြစ်ကြောင်း မိမိအနေဖြင့်ယုံကြည်ပါသည်။

အဆွေတော်အား အစဉ်ချစ်ကြည်လေးစားလျက်ရှိကြောင်း ထပ်လောင်းအတည်ပြုပြောကြားလိုပါသည်။

**ဖိထောင်တန်ရှင်နာဝပ်ထရာ**
**ဝန်ကြီးချုပ်**
**ထိုင်းနိုင်ငံ**

**ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် နိုင်ငံတော်ဝန်ကြီးချုပ်**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ**
**နေပြည်တော်**

**အဆွေတော်ဥက္ကဋ္ဌကြီးခင်ဗျာ–**

မြန်မာနိုင်ငံ၌ ဖြစ်ပွားခဲ့သည့် အင်အားပြင်းငလျင်ကြောင့် ကြေကွဲဖွယ်အသက်ဆုံးရှုံးမှုများနှင့် အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိမှုများကို ကြားသိရ၍ မိမိတို့အနေဖြင့် အထူးကြေကွဲဝမ်းနည်းရပါသည်။

ယခုကဲ့သို့ ခက်ခဲသောအချိန်တွင် မိမိတို့၏ အလွန်အမင်းဝမ်းနည်းပူဆွေးမှုနှင့် စိုးရိမ်ပူပန်မှုများကို အဆွေတော်နှင့် ရင်းနှီးဖော်ရွေသည့် မြန်မာနိုင်ငံသားများထံသို့ ပို့သအပ်ပါသည်။

မိမိတို့အနေဖြင့် ငလျင်ဘေးဒဏ်သင့်ပြည်သူများ၏ ချစ်ခင်ရသူများ၊ မိသားစုများနှင့်အတူ အတူရှိမှုနှင့် ထပ်တူခံစားရမှုကို ၎င်းတို့ထံသို့ အသိပေးပြောကြားစေလိုပါသည်။ မိမိတို့အနေဖြင့် ထိခိုက်ဒဏ်ရာရသူများ၊ အမြန်ဆုံးနှင့် အပြည့်အဝပြန်လည်သက်သာကောင်းမွန်လာစေရန် ဆန္ဒပြုအပ်ပါသည်။

ကြေကွဲဝမ်းနည်းမှုများစွာဖြင့်–

**ရှဗ်ကတ်မာဇီရိုရက်ဗ်**
**သမ္မတ**
**ဥဇဘက်ကစ္စတန်သမ္မတနိုင်ငံ**

**အဆွေတော်–**

လူအသက်ဆုံးရှုံးမှုများ၊ ပစ္စည်းများဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည့် မြန်မာနိုင်ငံတွင် ဖြစ်ပွားခဲ့သော ငလျင်လှုပ်ခတ်မှုကို ကြားသိရသည့်အတွက် စိတ်မကောင်းဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။ နီပေါပြည်သူများနှင့် နီပေါအစိုးရကိုယ်စား အဆွေတော်နှင့် အဆွေတော်မှတစ်ဆင့် မြန်မာအစိုးရနှင့် ငလျင်ဒဏ်ခံစားခဲ့ရသည့် ပြည်သူများအား စာနာထောက်ထားကြောင်း ဖော်ပြအပ်ပါသည်။

မြန်မာနိုင်ငံအစိုးရနှင့် ပြည်သူများအနေဖြင့် ယခုကဲ့သို့ ဝမ်းနည်းဖွယ်ရာအဖြစ်အပျက်ကို ဆောလျင်စွာဖြတ်ကျော်နိုင်မည်ဟု ယုံကြည်သည်။ ယခုကဲ့သို့ နီပေါနိုင်ငံအစိုးရနှင့် ပြည်သူများသည် မြန်မာနိုင်ငံအစိုးရနှင့် ပြည်သူများနှင့်အတူ အတူတကွရပ်တည်လျက်ရှိပါသည်။

အဆွေတော်အား အစဉ်ချစ်ကြည်အလေးထားလျက်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

**ကေပီရှာမာအိုလီ**

**ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် နိုင်ငံတော်ဝန်ကြီးချုပ်**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ**
**နေပြည်တော်**

**ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် နိုင်ငံတော်ဝန်ကြီးချုပ်**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ**
**နေပြည်တော်**

**အဆွေတော်ခင်ဗျား–**

မတ် ၂၈ ရက်တွင် မြန်မာနိုင်ငံတွင် လှုပ်ခတ်ခဲ့သည့် ပြင်းထန်ငလျင်ခံစားခဲ့ရသည့် အဆွေတော်နှင့် မြန်မာပြည်သူများထံသို့ စိတ်မကောင်းကြီးစွာဖြင့် ဝမ်းနည်းကြောင်း ဖော်ပြအပ်ပါသည်။

အသက်ပေါင်းများစွာဆုံးရှုံးမှုသည် မိမိတို့အားလုံးကို ဝမ်းနည်းနာကျင်စေခဲ့ပြီး ငလျင်ဒဏ်သင့်မြန်မာပြည်သူများနှင့် မိသားစုများကို စာနာထောက်ထားကြောင်း ဖော်ပြအပ်ပါသည်။

ပထဝီဝင်အနေအထားအရ နယ်နိမိတ်ချင်းထိစပ်နေရုံသာမက သမိုင်းကြောင်းများကို အတူတကွမျှဝေပိုင်ဆိုင်သည့်အိမ်နီးချင်းများဖြစ်သည်နှင့်အညီ မြန်မာနိုင်ငံနှင့်ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့အကြား ရင်းနှီးမှုသည် ပိုမိုနက်ရှိုင်းလာလျက်ရှိပါသည်။

ယခုကဲ့သို့ ဝမ်းနည်းဖွယ်ကောင်းသောအချိန်၌ မိမိတို့အနေဖြင့် ထပ်တူပူဆွေးမှုဖြစ်ရပြီး မဆုတ်မနစ်သော ကူညီထောက်ပံ့မှုများကို ပေးအပ်သွားမည်ဖြစ်ပါသည်။

ဘင်္ဂလားဒေ့ရှ်ပြည်သူများသည် အဆွေတော်တို့၏ ဝမ်းနည်းနာကျင်နေမှုများကို ထပ်တူခံစားမျှဝေလျက်ရှိကြောင်းနှင့် ယခုကဲ့သို့သော သဘာဝဘေးအန္တရာယ်မှ ပြန်လည်ထူထောင်ရေး အဆွေတော်၏ ကြိုးပမ်းမှုများတွင် မိမိတို့အနေဖြင့် တတ်နိုင်သမျှ ကူညီဆောင်ရွက်သွားရန် အသင့်ရှိပါသည်။

မိမိ၏ စိတ်အစဉ်၌ ငလျင်ဒဏ်ခံစားရသည့် မြန်မာပြည်သူများနှင့် ၎င်းတို့မိသားစုဝင်များနှင့်အတူ ရှိနေပါသည်။ အဆွေတော်တို့ အတိတ်ကဆောင်ရွက်ချက်များကဲ့သို့ အဆွေတော်တိုင်းပြည်၏ အင်အား၊ ကြံ့ကြံ့ခံနိုင်မှုတို့နှင့်အတူ မြန်မာပြည်သူလူထုအနေဖြင့် ၎င်းတို့နိုင်ငံကို ပြန်လည်တည်ဆောက်နိုင်ရန် စိတ်ဓာတ်ခွန်အားများရရှိလိမ့်မည်ဟု မိမိတို့ယုံကြည်ပါသည်။

**မိုဟာမက်ယူနွတ်**
**ကြားဖြတ်အစိုးရအကြီးအကဲဖြစ်သူ အကြံပေးပုဂ္ဂိုလ်ချုပ်**
**ဘင်္ဂလားဒေ့ရှ်နိုင်ငံ**

စာမျက်နှာ ၂၂ သို့

စာမျက်နှာ ၂၁ မှအဆက်

တာဂျစ်ကစ္စတန်သမ္မတနိုင်ငံသမ္မတ
ဒူရှန်ဘေ

စာအမှတ်၊ ၁/ ၁၄-၉၀ ၂၀၂၅ ခုနှစ်၊ မတ်လ ၂၉ ရက်

အဆွေတော်ဝန်ကြီးချုပ်

မြန်မာနိုင်ငံတွင် လူအသက်ပေါင်းများစွာဆုံးရှုံးဒဏ်ရာရရှိပြီး အဆောက်အအုံများစွာ ပျက်စီးမှုများဖြစ်ပေါ်စေခဲ့သော ဆိုးရွားသည့် မြေငလျင်လှုပ်မှုသတင်းကို ကြားသိရသည့်အတွက် များစွာဝမ်းနည်းမိပါသည်။

ဤသဘာဝဘေးအန္တရာယ်ကြောင့် ဝမ်းနည်းဖွယ်ရာဖြစ်ပေါ်ခဲ့မှုများအတွက် ကွယ်လွန်သူများ၏မိသားစုများနှင့် မြန်မာပြည်သူလူထုတစ်ရပ်လုံးအား ဝမ်းနည်းကြောင်း ဖော်ပြအပ်ပါသည်။ ထိခိုက်သူများအားလုံး အပြည့်အဝပြန်လည်ကောင်းမွန်ပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

အီမွန်မာလီရာမွန်
သမ္မတ
တာဂျစ်ကစ္စတန်သမ္မတနိုင်ငံ

အဆွေတော်ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်

မြန်မာနိုင်ငံတွင် ပြင်းထန်သည့်ငလျင်လှုပ်ခတ်မှုကြောင့် အသက်ဆုံးရှုံးမှုများ၊ ထိခိုက်ဒဏ်ရာရမှုများ၊ ပစ္စည်းဥစ္စာပျက်စီးမှုများ၊ အခြေခံအဆောက်အအုံပျက်စီးမှုများဖြစ်ပွားခဲ့သည်ကို ဝမ်းနည်းစွာသိရှိရပါသည်။ မကာအိုအထူးအုပ်ချုပ်ရေးဒေသအစိုးရနှင့် ပြည်သူများ၏ကိုယ်စား ငလျင်ဒဏ်ခံစားရသူများ၊ ထိခိုက်ဒဏ်ရာရသူများနှင့် သေဆုံးသူများ၏ ကျန်ရစ်သူမိသားစုဝင်များအတွက် စာနာထောက်ထားမှုကို လက်ခံပေးစေလိုပါသည်။ ကယ်ဆယ်ရေးလုပ်ငန်းအတွက် အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့် ကယ်ဆယ်ရေးလုပ်သားများအား များစွာလေးစားမှုကို ဖော်ပြလိုပါသည်။

မြန်မာနိုင်ငံနှင့်မကာအိုဒေသတို့အကြား ချစ်ကြည်ရင်းနှီးမှုမှာ လေးနက်လျက်ရှိပြီး ပြည်သူများအကြား နီးကပ်စွာအပြန်အလှန်ထိတွေ့ဆက်ဆံမှုရှိပါသည်။ ယခုကဲ့သို့ စိန်ခေါ်မှုများကြုံတွေ့ရသည့် အချိန်တွင် သေဆုံးသူများ၏ ကျန်ရစ်သူမိသားစုဝင်များနှင့်အတူ မကာအိုဒေသပြည်သူများအနေဖြင့် တစ်သားတည်းရပ်တည်လျက်ရှိပါသည်။ ကြီးမားသောငလျင်လှုပ်ခတ်မှု၊ သဘာဝဘေးအန္တရာယ်ကြောင့် ပြည်သူများထိခိုက်မှုနှင့် ကယ်ဆယ်ရေးလုပ်ငန်းများ၏ နောက်ဆုံးဖြစ်ပေါ်တိုးတက်မှုတို့အပေါ် မိမိတို့၏စိုးရိမ်ပူပန်မှုတစ်သားတည်း ခံစားရမှုကို ထပ်လောင်းအသိပေးလိုပါသည်။ ကပ်ဘေးအန္တရာယ်ပြီးပါက မြန်မာနိုင်ငံ၏ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာတည်ဆောက်ရေးလုပ်ငန်းများအတွက် တတ်နိုင်သည့်ကူညီထောက်ပံ့မှုများကို ဆောင်ရွက်ပေးရန် အသင့်ရှိပါသည်။

ဤကပ်ဘေးဒဏ်ခံရသူများနှင့် ထိခိုက်ဒဏ်ရာရသူများအနေဖြင့် အမြန်ဆုံးပြန်လည်နာလန်ထူနိုင်ရေး ဆုတောင်းလိုပါသည်။ ယခုကဲ့သို့ ခက်ခဲသည့်ကာလအတွင်း မြန်မာပြည်သူများနှင့် အတူရှိပါသည်။ မြန်မာပြည်သူများအနေဖြင့် ကုစားမှုနှင့်ပြန်လည်တည်ဆောက်မှုဆိုင်ရာခက်ခဲသည့် လုပ်ငန်းတာဝန်များကို ရင်ဆိုင်ရန် အင်အားရှိစေလိုပါသည်။

အဆွေတော်အား အစဉ်ချစ်ကြည်အလေးထားလျက်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

မစ္စတာဆန်ဟောင်ဖန်
မကာအိုအထူးအုပ်ချုပ်ရေးဒေသအုပ်ချုပ်ရေးမှူး

ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် နိုင်ငံတော်ဝန်ကြီးချုပ်
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ
နေပြည်တော်

အဆွေတော်

အပျက်အစီးကြီးမားသော ငလျင်ဒဏ်ကြောင့် များစွာဆုံးရှုံးရသည့် မြန်မာပြည်သူပြည်သားများအတွက် သီရိလင်္ကာအမရပူရ မဟာသံဃာအသင်းက အလေးအနက်ဝမ်းနည်းမှုကို ဖော်ပြအပ်ပါသည်။ မိမိတို့အနေဖြင့် ကျန်ရစ်သူမိသားစုများ၊ ဒဏ်ရာရသူများနှင့် ဤကြေကွဲဖွယ်ဘေးအန္တရာယ်ကြောင့် ထိခိုက်ခံစားရသူများအားလုံးတို့အား ဆုတောင်းပေးလျက်ရှိပါသည်။

သီရိလင်္ကာနှင့် မြန်မာနိုင်ငံတို့သည် ဗုဒ္ဓဘာသာအမွေအနှစ်များနှင့် ရာစုနှစ်များစွာကြာသည့် ယဉ်ကျေးမှုသမိုင်းကြောင်းများ နက်ရှိုင်းစွာတည်ရှိသည့် သမိုင်းဝင်ဆက်ဆံရေးဖြစ်ပါသည်။ ၁၅ ရာစုအတွင်း သီရိလင်္ကာနိုင်ငံ၏ ကော့တေးခေတ်တွင် မြန်မာရဟန်းတော်များသည် သီရိလင်္ကာမဟာထေရ်ထံတွင် သိက္ခာထပ်ရန် သီရိလင်္ကာနိုင်ငံသို့ သွားရောက်ခဲ့ကြပါသည်။ လွန်ခဲ့သော နှစ်ပေါင်း ၂၃၀ ကျော်က သီရိလင်္ကာရဟန်းများသည် မြန်မာနိုင်ငံသို့ သွားရောက်၍ အမရပူရမြို့ မန္တလေးတွင် သိက္ခာထပ်ခြင်းကို ပြုလုပ်ခဲ့ကြပြီး သီရိလင်္ကာနိုင်ငံ၌ အမရပူရနိကာယကို တည်ထောင်ခဲ့သည်မှာ ယနေ့တိုင် တည်ရှိဆဲဖြစ်ပါသည်။

ယခုကဲ့သို့ ကြေကွဲဝမ်းနည်းရသည့်အခိုက်အတန့်၌ နက်နဲသောဝိပဿနာဖြင့် အနိစ္စသဘောဖြစ်စဉ်ကို ဆင်ခြင်သုံးသပ်ခဲ့ပြီး မြန်မာနိုင်ငံရှိ ထိခိုက်ခံစားခဲ့ရသူအားလုံး၏အကျိုးအတွက် ရည်စူး၍ ကုသိုလ်ကောင်းမှုများပြုလုပ်ခဲ့ပါသည်။ မြန်မာနိုင်ငံရှိ ဘုရားစေတီများ ပျက်စီးဆုံးရှုံးရမှုများကို မီဒီယာမှတစ်ဆင့် သိရှိရပြီး ဤသည်မှာ မမြဲခြင်း၏ လက်တွေ့ကျသော ဥပမာတစ်ရပ်ဖြစ်ပါသည်။

မိမိတို့နှစ်နိုင်ငံအကြား မြင့်မြတ်သောဆက်နွယ်မှုသည် အပြန်အလှန်စိတ်ပိုင်းဆိုင်ရာ၊ကရုဏာ၊ဉာဏ်ပညာနှင့်စည်းလုံးညီညွတ်မှုတို့ကို အားဖြည့်ပေးလျက်ရှိပါသည်။ ယခုကဲ့သို့ခက်ခဲသောအချိန်တွင် မြန်မာနိုင်ငံရှိ ထိခိုက်ခံစားရသူများအားလုံးနှင့်အတူ ရပ်တည်လျက်ရှိပါသည်။ ဗုဒ္ဓတရားတော်ကို နှလုံးသွင်း၍ စိတ်အေးချမ်းမှုရရှိရန် တိုက်တွန်းအပ်ပါသည်။

သီရိလင်္ကာအမရပူရ မဟာသံဃာအသင်းအနေဖြင့် ထိခိုက်ဒဏ်ရာရရှိသူများအတွက် အကူအညီများပေးအပ်ရေး ကတိကဝတ်ပြုလျက် ၎င်းတို့အနေဖြင့် ခွန်အားကြံ့ကြံ့ခံနိုင်မှုနှင့်ငြိမ်းချမ်းမှုတို့ကို ရရှိပါစေရန် အသင်းအနေဖြင့် ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

ဆရာတော်ဗလာပိတိယသီရိသီဝလိနာရခဲသဲရာ (Balapitiye Siriseewali Nayake Thera)
အထွေထွေအတွင်းရေးမှူးချုပ်
သီရိလင်္ကာအမရပူရ မဟာသံဃာအသင်း

## ယခုနှစ်သင်္ကြန်ကို ရိုးရာယဉ်ကျေးမှုနှင့်အညီ အေးချမ်းသာယာသော သင်္ကြန်အဖြစ် ကျင်းပသွားမည်

နေပြည်တော် ဧပြီ ၁

လက်ရှိကြုံတွေ့နေရသော ပြင်းထန်သည့် ငလျင်ဘေးအန္တရာယ်ကြောင့် နေပြည်တော်ကောင်စီနယ်မြေ၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့အတွင်း၌ ပြည်သူအချို့ သေဆုံးဒဏ်ရာရထိခိုက်နစ်နာဆုံးရှုံးမှုများ ကြုံတွေ့နေပါသည်။

ထို့ကြောင့် တစ်နိုင်ငံလုံး ဝမ်းနည်းကြေကွဲနေရသောကာလဖြစ်ပါသဖြင့် ယခုနှစ် မြန်မာ့ရိုးရာသင်္ကြန်ကို အပျော်အပါး သီဆိုကခုန်မှုများမပါဝင်ဘဲ ရိုးရာယဉ်ကျေးမှုနှင့်အညီ အေးချမ်းသာယာသောသင်္ကြန်အဖြစ် ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## မြေငလျင်ကြောင့် ပျက်စီးသွားသောရုံးအဆောက်အအုံနှင့် လူနေအဆောက်အအုံများကို ပညာရှင်များပါဝင်သော စစ်ဆေးရေးအဖွဲ့ဖြင့် စစ်ဆေးဆောင်ရွက်လျက်ရှိ

နေပြည်တော် ဧပြီ ၁

၂၀၂၅ ခုနှစ် မတ် ၂၈ ရက်တွင် ဖြစ်ပွားခဲ့သည့် မြေငလျင်ဒဏ်ကြောင့် ပျက်စီးသွားသော ရုံးအဆောက်အအုံများ၊ လူနေအဆောက်အအုံများနှင့် အခြားပျက်စီးမှုများကို ဘေးအန္တရာယ်နှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာကိစ္စရပ်များအတွက် ပညာရပ်ဆိုင်ရာ စစ်ဆေးရေးအထောက်အကူပြုအဖွဲ့အား ဒေသအလိုက် ဖွဲ့စည်းထားရှိပြီး ၎င်းအဖွဲ့သည် ပျက်စီးသွားသော အဆောက်အအုံများကို ခေတ်မီစမ်းသပ်ကိရိယာများဖြင့် စစ်ဆေး၍ သာမန်ပြင်ဆင်နိုင်သည့် အဆောက်အအုံ၊ အကြီးစားပြင်ဆင်ရမည့် အဆောက်အအုံနှင့် ပြုပြင်၍မရ ဖယ်ရှားရှင်းလင်းရမည့် အန္တရာယ်ရှိအဆောက်အအုံများအဖြစ် ခွဲခြားသတ်မှတ်နိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ငလျင်ကြောင့်ဖြစ်ပေါ်ခဲ့သော ပျက်စီးမှုများအား မှတ်တမ်းတင်ခြင်း၊ ညှိနှိုင်းသုံးသပ်ခြင်းနှင့် နောင်တွင် ဆောင်ရွက်ရမည့်နည်းလမ်းများ ဖော်ထုတ်ခြင်းများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။

အဆိုပါစစ်ဆေးရေးအဖွဲ့တွင် မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီမှ ပညာရှင်များ၊ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းချုပ်မှ ပညာရှင်များ၊ အထပ်မြင့်နှင့် အများပြည်သူသုံးအဆောက်အအုံတည်ဆောက်ရေးစီမံကိန်းများ ကြီးကြပ်စစ်ဆေးရေး ပညာရှင်အဖွဲ့မှ ပညာရှင်များ၊ မြန်မာနိုင်ငံငလျင်ကော်မတီမှ ပညာရှင်များ၊ အထူးလုပ်ငန်းကော်မတီမှ ပညာရှင်များ ပါဝင်ပြီး ဆောက်လုပ်ရေးဝန်ကြီးဌာနမှ အင်ဂျင်နီယာများနှင့်အတူ နေပြည်တော်တွင် စတင် စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်းနှင့် ငလျင်ဒဏ်ခံရသည့် တိုင်းဒေသကြီး၊ ပြည်နယ်များတွင်လည်း ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။ (မဝလ)



## "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်

မျက်မှောက်ကာလတွင်ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများကို သဇင် FM ၏ **"ပြည်သူ့ကြားက ပြည်သူ့စကား"**အစီအစဉ်မှ **"စစ်ရေးနဲ့ နိုင်ငံရေးမှာ အခွင့်မသာလို့ ရက်ရမ်းရမ်းပြီး အကြမ်းဖက်လာတဲ့ PDF"** ခေါင်းစဉ်ဖြင့် ၂-၄-၂၀၂၅ရက်(**ယနေ့**)မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"ရာဇဝင်တွင်တဲ့ PDF တို့ရဲ့ ယုတ်မာမှု"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူပရိသတ်များအနေဖြင့် အပတ်စဉ်ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၀၉၅၅၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

# ၂၀၂၅ ခုနှစ် ပြည်ထောင်စု၏အခွန်အကောက်ဥပဒေ ပြဋ္ဌာန်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
၂၀၂၅ ခုနှစ် ပြည်ထောင်စု၏အခွန်အကောက်ဥပဒေ
(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ် ၆ / ၂၀၂၅)
၁၃၈၆ ခုနှစ်၊ တန်ခူးလဆန်း ၃ ရက်
(၂၀၂၅ ခုနှစ်၊ မတ်လ ၃၁ ရက်)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း (၁)**

**အမည်၊ စတင်အကျိုးသက်ရောက်သည့်နေ့ရက်နှင့် အဓိပ္ပာယ်ဖော်ပြချက်**

၁။ (က) ဤဥပဒေကို **၂၀၂၅ ခုနှစ် ပြည်ထောင်စု၏အခွန်အကောက်ဥပဒေ**ဟု ခေါ်တွင်စေရမည်။

( ခ ) ဤဥပဒေသည် ၂၀၂၅ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ စတင်အကျိုးသက်ရောက်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **အခွန်အကောက်**ဆိုသည်မှာ ဤဥပဒေအရ ပြည်ထောင်စုအစိုးရက ပြည်ထောင်စုအတွက် ကောက်ခံသည့် အခွန်၊ အကောက်ခွန်၊ အခ၊ လိုင်စင်ကြေး၊ ပါမစ်ကြေးနှင့် ဒဏ်ကြေးငွေများကိုဆိုသည်။

( ခ ) **ဥပဒေ**ဆိုသည်မှာ ပြည်ထောင်စုအစိုးရက ပြည်ထောင်စုအတွက် ကောက်ခံသည့် အခွန်အကောက်များနှင့်စပ်လျဉ်း၍ ထုတ်ပြန်ထားသည့် ဥပဒေများကိုဆိုသည်။

( ဂ ) **သက်ဆိုင်ရာဝန်ကြီးဌာန**ဆိုသည်မှာ ပြည်ထောင်စုအစိုးရက ပြည်ထောင်စုအတွက် ကောက်ခံသော အခွန်အကောက်များကို တာဝန်ယူကောက်ခံသည့် ပြည်ထောင်စုအစိုးရဝန်ကြီးဌာနများနှင့် နေပြည်တော်ကောင်စီတို့ကိုဆိုသည်။

(ဃ) **ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ**ဆိုသည်မှာ နှစ်အလိုက်ထုတ်ပြန်သည့် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေနှင့် နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေတို့ကို ဆိုသည်။

( င ) **အခွန်နှုန်း**ဆိုသည်မှာ ပြည်ထောင်စုအစိုးရက ပြည်ထောင်စုအတွက် ကောက်ခံသည့် အခွန်အကောက်များကိုကောက်ခံရန် သတ်မှတ်ထားသည့် အခွန်အကောက်နှုန်းများကို ဆိုသည်။

**အခန်း (၂)**

**ကောက်ခံရန် အခွန်လျာထားချက်**

၃။ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေပါ ပြည်ထောင်စု၏အခွန်ရငွေသည် သက်ဆိုင်ရာဘဏ္ဍာရေးနှစ်အတွက် ဤဥပဒေ၏ ဇယား (၁) ပါ ပြည်ထောင်စု၏အခွန်အကောက်များကောက်ခံရန် မူလလျာထားချက်ဖြစ်သည်။

**အခန်း (၃)**

**အခွန်နှုန်းများသတ်မှတ်ခြင်းနှင့် အစီရင်ခံခြင်း**

၄။ သက်ဆိုင်ရာဝန်ကြီးဌာနသည် ဤဥပဒေပါ အခွန်အကောက်အမျိုးအစားများနှင့်စပ်လျဉ်း၍ ကောက်ခံရန် အခွန်လျာထားချက်များကို ဤဥပဒေပါအခွန်နှုန်းများဖြင့် ကောက်ခံရမည်။

၅။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဤဥပဒေပါ အခွန်နှုန်းများကို ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ အစားထိုးခြင်းတို့ကို ဆောင်ရွက်နိုင်သည်။

၆။ (က) သက်ဆိုင်ရာဝန်ကြီးဌာနသည် ဤဥပဒေ၏ ဇယား(၁)ပါ ပြည်ထောင်စု၏အခွန်အကောက်များကောက်ခံရန် မူလလျာထားချက်အပေါ် ကောက်ခံရရှိမှုအခြေအနေကို သုံးလပတ်အလိုက် ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနသို့ ပေးပို့ရမည်။

( ခ ) ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနသည် သက်ဆိုင်ရာဝန်ကြီးဌာနများက ပေးပို့လာသည့် အခွန်အကောက် ကောက်ခံရရှိမှုစာရင်းများကိုစုစည်း၍ သုံးသပ်ချက်ဖြင့် သုံးလပတ်အလိုက် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနမှတစ်ဆင့် ပြည်ထောင်စုအစိုးရအဖွဲ့သို့ အစီရင်ခံတင်ပြရမည်။

၇။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနသည် ဤဥပဒေ၏ ဇယား (၁) ပါ ပြည်ထောင်စု၏အခွန်အကောက်များကောက်ခံရန် မူလလျာထားချက်အပေါ် ကောက်ခံရရှိမှုအခြေအနေကို ခြောက်လပတ်အလိုက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသို့ အစီရင်ခံတင်ပြရမည်။

**အခန်း (၄)**

**သက်ဆိုင်ရာဝန်ကြီးဌာန၏ တာဝန်နှင့်လုပ်ပိုင်ခွင့်**

၈။ သက်ဆိုင်ရာဝန်ကြီးဌာနသည် ဤဥပဒေ၏ ဇယား (၁) ပါ ပြည်ထောင်စု၏အခွန်အကောက်များကောက်ခံရန် မူလလျာထားချက်ကို ကောက်ခံရရှိရေးအတွက် တာဝန်ခံစီမံကြီးကြပ်ရမည်။

၉။ သက်ဆိုင်ရာဝန်ကြီးဌာနသည် ဤဥပဒေပါ အထူးကုန်စည်ခွန်၊ ကုန်သွယ်လုပ်ငန်းခွန်၊ ဝင်ငွေခွန်နှင့် ရတနာခွန်ဆိုင်ရာပြဋ္ဌာန်းချက်များနှင့်စပ်လျဉ်း၍ ယင်းတို့၏ မူလအဓိပ္ပာယ်မပြောင်းလဲစေဘဲ ရှင်းလင်းစွာသိရှိလိုက်နာဆောင်ရွက်နိုင်စေရန် လိုအပ်ပါက အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၁၀။ သက်ဆိုင်ရာဝန်ကြီးဌာနသည် အခွန်ပေးဆောင်ထိုက်သူများက ဥပဒေနှင့်အညီ ပေးဆောင်လာစေရေးအတွက် လိုအပ်သည့်သတင်းအချက်အလက်များ၊ ကူညီပံ့ပိုးမှုများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၊ ပြည်ထောင်စုအစိုးရအဖွဲ့၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စု ရာထူးဝန်အဖွဲ့၊ နေပြည်တော်ကောင်စီ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့များမှ ရယူနိုင်သည်။

**အခန်း (၅)**

**အထူးကုန်စည်ခွန်**

၁၁။ အထူးကုန်စည်ခွန်ဥပဒေ ပုဒ်မ ၆ အရ အခွန်ကျသင့်သည့် အထူးကုန်စည်အမျိုးအစားနှင့် အခွန်နှုန်းများမှာ အောက်ပါအတိုင်းဖြစ်သည် -

**အထူးကုန်စည်အမျိုးအစားနှင့် အခွန်နှုန်းများ**

(က) အထူးကုန်စည်များနှင့်စပ်လျဉ်း၍ အောက်ဖော်ပြပါ အခွန်နှုန်းများအတိုင်း အထူးကုန်စည် ခွန်ကျသင့်စေရမည် -

(၁) တန်ဖိုးအဆင့်အလိုက် အခွန်ကျသင့်စေမည့် ပြည်တွင်း၌ထုတ်လုပ်သည့် အထူးကုန်စည်များဖြစ်လျှင် စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာန ရောင်းဈေးတန်ဖိုး သို့မဟုတ် ပြည်တွင်းအခွန်များဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ပြည်တွင်းအခွန်များဦးစီးဌာန စီမံခန့်ခွဲမှုကော်မတီက ဈေးကွက် ပေါက်ဈေးအပေါ်အခြေပြု၍ ခန့်မှန်းသတ်မှတ်သည့် ရောင်းဈေးတန်ဖိုး၊ ယင်းတန်ဖိုးနှစ်ရပ်အနက် များရာတန်ဖိုးငွေအပေါ်တွင်လည်းကောင်း၊

(၂) တန်ဖိုးအဆင့်အလိုက် အခွန်ကျသင့်စေရန် သတ်မှတ်ထားခြင်းမရှိသော အထူးကုန်စည်များကို ပြည်တွင်း၌ထုတ်လုပ်ရောင်းချခြင်းဖြစ်လျှင် ပြည်တွင်းအခွန်များဦးစီးဌာန စီမံခန့်ခွဲမှုကော်မတီကသတ်မှတ်သည့် တန်ဖိုးအပေါ်တွင် လည်းကောင်း၊

ခြွင်းချက်။ သို့ရာတွင် ပြည်တွင်း၌ ထုတ်လုပ်ရောင်းချသည့် အထူးကုန်စည်ကို ပြည်ပမှ တင်သွင်းလာသည့် အထူးကုန်စည်နှင့် ဈေးကွက်အတွင်းယှဉ်ပြိုင်ရောင်းချနိုင်ရန်အလို့ငှာ ပြည်တွင်းအခွန်များဦးစီးဌာန စီမံခန့်ခွဲမှုကော်မတီက တန်ဖိုးသတ်မှတ်ရာတွင် အလားတူ အထူးကုန်စည်အတွက် ပြည်ပမှ တင်သွင်းရာတွင် သတ်မှတ်သည့် ကုန်းပေါ်ရောက်တန်ဖိုးနှင့် တစ်ပြေးညီဖြစ်စေရေးဆောင်ရွက်ပေးရမည်။

(၃) ပြည်တွင်းသို့ တင်သွင်းခြင်းဖြစ်လျှင် ကုန်းပေါ်ရောက်တန်ဖိုးအပေါ်တွင် လည်းကောင်း။

| စဉ် | အထူးကုန်စည်အမျိုးအစား | တန်ဖိုးအဆင့် | အခွန်နှုန်း |
|---|---|---|---|
| ၁ | (က) စီးကရက်အမျိုးမျိုး။ | အလိပ် ၂၀ အထိပါ တစ်ဘူး ရောင်းဈေး ၈၀၀ ကျပ်အထိ အဆင့်ဖြစ်လျှင် | တစ်လိပ်လျှင် ၁၄ ကျပ် |
| | ( ခ ) စီးကရက်အမျိုးမျိုး။ | အလိပ် ၂၀ အထိပါ တစ်ဘူး ရောင်းဈေး ၈၀၁ ကျပ်မှ ကျပ် ၁၁၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လိပ်လျှင် ၂၇ ကျပ် |
| | ( ဂ ) စီးကရက်အမျိုးမျိုး။ | အလိပ် ၂၀ အထိပါ တစ်ဘူး ရောင်းဈေး ၁၁၀၁ ကျပ်နှင့်အထက် အဆင့်ဖြစ်လျှင် | တစ်လိပ်လျှင် ၃၀ ကျပ် |
| ၂ | ဆေးရွက်ကြီး။ | | ၆၀ ရာခိုင်နှုန်း |
| ၃ | ဗာဂျီးနီးယား ပေါင်းတင်ပြီးဆေး။ | | ၆၀ ရာခိုင်နှုန်း |
| ၄ | ဆေးပေါ့လိပ်။ | | တစ်လိပ်လျှင် ၂ ကျပ် |
| ၅ | ဆေးပြင်းလိပ်။ | | ၈၀ ရာခိုင်နှုန်း |
| ၆ | ဆေးတံသောက်ဆေးများ။ | | ၈၀ ရာခိုင်နှုန်း |
| ၇ | ကွမ်းစားဆေးအမျိုးမျိုး။ | | ၈၀ ရာခိုင်နှုန်း |
| ၈ | (က) အရက်အမျိုးမျိုး။ | တစ်လီတာ တန်ဖိုး ၄၀၀ ကျပ် မှ ကျပ် ၂၂၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၂၆၁ ကျပ် |
| | ( ခ ) အရက်အမျိုးမျိုး။ | တစ်လီတာ တန်ဖိုး ၂၂၀၁ ကျပ် မှ ကျပ် ၄၂၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၆၈၆ ကျပ် |
| | ( ဂ ) အရက်အမျိုးမျိုး။ | တစ်လီတာ တန်ဖိုး ၄၂၀၁ ကျပ် မှ ကျပ် ၆၆၀၀ အထိ အဆင့်ဖြစ်လျှင် | တစ်လီတာ ၁၁၇၂ ကျပ် |

ဆက်လက်ဖော်ပြပါမည်

# ငလျင်ဒဏ်သင့်ဒေသများအတွက် လှူဒါန်းရန် ကူညီကယ်ဆယ်ရေး ပစ္စည်းများနှင့် စားသောက်ဖွယ်ရာများ တင်ဆောင်လာသည့် အိန္ဒိယရေတပ်မှ စစ်ရေယာဉ်နှစ်စီး ရန်ကုန်မြို့သို့ ထပ်မံရောက်ရှိ



ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ပြည့်စုံလင်း၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီးနှင့် အိန္ဒိယရေတပ်မှ တာဝန်ရှိသူများ စုပေါင်းဓာတ်ပုံရိုက်စဉ်။

**နေပြည်တော် မေ ၁**

၂၀၂၅ ခုနှစ် မတ် ၂၈ ရက်တွင် အင်အားပြင်းမြေငလျင်လှုပ်ခတ်မှုကြောင့် မြန်မာနိုင်ငံတစ်ဝန်း ထိခိုက်ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သော စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်အရှေ့မြောက်ဒေသ၊ နေပြည်တော်ကောင်စီနယ်မြေ၊ ပဲခူးတိုင်းဒေသတို့ရှိ ငလျင်ဒဏ်သင့် ပြည်သူများကို ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် အသုံးပြုနိုင်ရန်အတွက် အိန္ဒိယနိုင်ငံမှ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ ပေးအပ်ရန် ကူညီကယ်ဆယ်ရေးပစ္စည်းများနှင့် စားသောက်ဖွယ်ရာများ တင်ဆောင်လာသော အိန္ဒိယရေတပ်မှ စစ်ရေယာဉ်နှစ်စီးသည် ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ရှိ သီလဝါဆိပ်ကမ်း MITT သို့ ရောက်ရှိလာရာ တပ်မတော်(ရေ)မှ အရာရှိကြီးများနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ခဲ့ကြသည်။

အဆိုပါ ရောက်ရှိလာသည့် ကူညီကယ်ဆယ်ရေးပစ္စည်းများနှင့် စားသောက်ဖွယ်ရာများ လွှဲပြောင်းပေးအပ်ခြင်းကို ဆက်လက်ပြုလုပ်ရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ပြည့်စုံလင်း၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တပ်မတော်(ရေ)မှ အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီးနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

ဦးစွာ အိန္ဒိယရေတပ်မှ CMDE PRASHANT HANDU NMနှင့် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီးက ကူညီကယ်ဆယ်ရေးပစ္စည်းများ၊ စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ယင်းနောက် အိန္ဒိယသံအမတ်ကြီးက ကူညီကယ်ဆယ်ရေးပစ္စည်းများနှင့် စားသောက်ဖွယ်ရာများ လွှဲပြောင်းပေးအပ်ရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းက လက်ခံရယူပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားကာ ဝန်ကြီးချုပ်က အမှတ်တရ လက်ဆောင်ပြန်လည်ပေးအပ်ခဲ့သည်။

ယနေ့ရောက်ရှိလာသည့် အိန္ဒိယရေတပ်မှ စစ်ရေယာဉ်များတွင် ကူညီကယ်ဆယ်ရေးပစ္စည်းများနှင့် စားသောက်ဖွယ်ရာများဖြစ်ကြသည့် အခြေခံလူသုံးကုန်များ၊ အခြေခံစားသောက်ကုန်များနှင့် ဆေးဝါးများပါဝင်ပြီး အိန္ဒိယရေတပ်မှ စစ်ရေယာဉ်များ ထပ်မံရောက်ရှိမည်ဖြစ်ကြောင်းနှင့် ရောက်ရှိလာသည့် ကယ်ဆယ်ရေးပစ္စည်းများကို တပ်မတော်(ရေ)မှ အရာရှိ၊ စစ်သည်များ၊ ကျောက်တန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ကျောက်တန်းမြို့နယ် မီးသတ်ဦးစီးဌာနမှ သန္နေနှင့် အရန်တပ်ဖွဲ့ဝင်များက သက်ဆိုင်ရာမော်တော်ယာဉ်များပေါ်သို့ တင်ဆောင်ပြီး ငလျင်ဘေးသင့်ဒေသများသို့ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် ဆက်လက်ပို့ဆောင်ပေးမည် ဖြစ်ကြောင်း သတင်း ရရှိသည်။ (မြဝတီ)

# ရှာဖွေကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးလုပ်ငန်းများ အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် မေ ၁**

မြန်မာနိုင်ငံတွင် မတ် ၂၈ ရက်က အင်အားပြင်းထန်စွာ လှုပ်ခတ်ခဲ့သည့် ငလျင်ဒဏ်ကို ပြင်းထန်စွာခံစားခဲ့ရသည့် တိုင်းဒေသကြီး၊ ပြည်နယ်ခြောက်ခုတွင် မေ ၁ ရက်ထိ သေဆုံးသူဦးရေ ၂၇၉၀၊ ထိခိုက်ဒဏ်ရာရရှိသူ ၄၄၃၉ ဦးနှင့် ပျောက်ဆုံးသူ ၄၁၃ ဦးရှိခဲ့ကြောင်း သိရသည်။

ငလျင်ဘေးသင့် ပြည်သူများအတွက် ပြည်တွင်း၊ ပြည်ပမှ စေတနာရှင်အလှူရှင်များက ငွေနှင့် အလှူပစ္စည်းများ ထောက်ပံ့လှူဒါန်းလျက်ရှိရာ ယနေ့တွင် နေပြည်တော်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ နိုင်ငံပေါင်း ခုနစ်နိုင်ငံမှ လေယာဉ် ၁၄ စင်းတို့ဖြင့် ရှာဖွေကယ်ဆယ်ရေး အဖွဲ့ဝင် ၃၃၈ ဦး၊ ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းသုံးပစ္စည်းနှင့် ထောက်ပံ့ရေး ပစ္စည်းစုစုပေါင်းတန်ချိန် ၁၂၅ ဒသမ ၄ တန် ဆိုက်ရောက်ခဲ့ကြောင်း သိရသည်။

အဆိုပါ ရှာဖွေကယ်ဆယ်ရေးအဖွဲ့ဝင်များသည် လိုအပ်သည့်ဒေသများသို့ အချိန်နှင့်တစ်ပြေးညီ သွားရောက်ဆောင်ရွက်ပေးလျက်ရှိပြီး ထောက်ပံ့ရေးပစ္စည်းများကိုလည်း ဘေးသင့်ပြည်သူများ လက်ဝယ်အရောက် အမြန်ဆုံးထောက်ပံ့ပေးနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သတင်း ရရှိသည်။ (သတင်းစဉ်)

## ၂၀၂၅ ခုနှစ် မေ ၁ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ တစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၅၆၁၀၀၀၀ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

# ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

| | | |
|---|---|---|
| ၁။ | ကာကွယ်ရေးဝန်ကြီးဌာန | (https://www.mod.gov.mm) |
| ၂။ | ဥပဒေရေးရာဝန်ကြီးဌာန | (https://www.mlis.gov.mm) |
| ၃။ | ပြန်ကြားရေးဝန်ကြီးဌာန | (https://www.moi.gov.mm) |
| ၄။ | Myawady Webportal | (https://myawady.net.mm) |
| ၅။ | Myanmar National Portal | (https://myanmar.gov.mm) |

# အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ဗြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDFအကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# ငလျင်ဒဏ်ကြုံတွေ့ခဲ့ရသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ပြည်သူများ အဆက်အသွယ်မပြတ်ရရှိစေရန် MPT ဖုန်းအချင်းချင်း အခမဲ့ မိနစ် ၇၀၀ ခေါ်ဆိုခွင့်နှင့် SMS စာတိုပေးပို့မှု အစောင် ၇၀၀ ကို တစ်ပတ်တာ ဝန်ဆောင်မှုပေးထား

**နေပြည်တော် မေ ၁**

မတ် ၂၈ ရက် တပေါင်းလကွယ်နေ့တွင် ဖြစ်ပေါ်ခဲ့သည့် ငလျင်ကြောင့် ငလျင်ဘေးဒဏ်ကြုံတွေ့ခဲ့ရသော တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ပြည်သူများ အဆက်အသွယ်မပြတ်ရရှိစေရန် MPT ဖုန်းအချင်းချင်း အခမဲ့ မိနစ် ၇၀၀ ခေါ်ဆိုခွင့်နှင့် SMS စာတိုပေးပို့မှု အစောင် ၇၀၀ ကို တစ်ပတ်တာဝန်ဆောင်မှုပေးထားကြောင်း MPT မှ သိရသည်။

အဆိုပါ အခမဲ့ဝန်ဆောင်မှုကို မတ် ၂၉ ရက်မှ မေ ၄ ရက်ထိ တစ်ပတ်တာ အခမဲ့ဝန်ဆောင်မှု ပေးထားပြီး ငလျင်ဒဏ်ကြောင့် တယ်လီဖုန်းခေါ်ဆိုမှု အခက်အခဲများကိုလည်း အမြန်ဆုံး ပြန်လည်ကောင်းမွန်ရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**အောင်သန်းဦး**



# တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ မြို့နယ်၊ ကျေးရွာ၊ ရပ်ကွက်များ၊ သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များနှင့် ကွပ်ကဲမှုအောက် တပ်ရင်း၊တပ်ဖွဲ့များ၌ နိုင်ငံတော်အဆင့် ဝမ်းနည်းခြင်းအထိမ်းအမှတ်နေ့ရက် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် လှုပ်ရှားမှု ကျင်းပပြုလုပ်



ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံး၌ နိုင်ငံတော်အဆင့် ဝမ်းနည်းခြင်းအထိမ်းအမှတ်လှုပ်ရှားမှုပြုလုပ်စဉ်။



ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်၌ နိုင်ငံတော်အဆင့် ဝမ်းနည်းခြင်းအထိမ်းအမှတ်လှုပ်ရှားမှုပြုလုပ်စဉ်။



ကျိုင်းတုံမြို့၌ နိုင်ငံတော်အဆင့် ဝမ်းနည်းခြင်းအထိမ်းအမှတ်လှုပ်ရှားမှုပြုလုပ်စဉ်။



ရန်ကုန်တိုင်းစစ်ဌာနချုပ်၌ နိုင်ငံတော်အဆင့် ဝမ်းနည်းခြင်းအထိမ်းအမှတ်လှုပ်ရှားမှုပြုလုပ်စဉ်။

**နေပြည်တော် ဧပြီ ၁**

၂၀၂၅ ခုနှစ် မတ် ၂၈ ရက်တွင် အင်အားပြင်းမြေငလျင်လှုပ်ရှားမှုကြောင့် အသက်ဆုံးရှုံးမှုများနှင့် ပျက်စီးဆုံးရှုံးမှုများအတွက် နိုင်ငံတော်အဆင့် ဝမ်းနည်းခြင်းအထိမ်းအမှတ်နေ့ရက် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် လှုပ်ရှားမှုများကို တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ မြို့နယ်များ၊ သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များ၊ ကွပ်ကဲမှုအောက် တပ်ရင်း၊ တပ်ဖွဲ့များ၌ အသီးသီးကျင်းပပြုလုပ်ကြသည်။

ထိုသို့ ကျင်းပပြုလုပ်ရာတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ မြို့နယ်များ၊ ရပ်ကွက်၊ ကျေးရွာများ၊ သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များ၊ ကွပ်ကဲမှုအောက် တပ်ရင်း၊ တပ်ဖွဲ့များ၌ ယနေ့မွန်းလွဲ ၁၂ နာရီ ၅၁ မိနစ် ၀၂ စက္ကန့်တွင် နိုင်ငံတော်အဆင့် ဝမ်းနည်းခြင်းအထိမ်းအမှတ်အဖြစ် နိုင်ငံတော်အလံအားတိုင်ဝက်လျှော့ချ၍ ဝမ်းနည်းခြင်းအထိမ်းအမှတ်အဖြစ် တစ်မိနစ် ငြိမ်သက်စွာ ဦးညွှတ်ဂါရဝပြုခြင်း၊ လှုပ်ရှားသွားလာသူများက ထိုအချိန်တွင် တစ်မိနစ်ငြိမ်သက်စွာ ရပ်တန့်၍ ဦးညွှတ်ဂါရဝပြုခြင်း၊ ဥသြဆွဲ ဂါရဝပြုခြင်း၊ မီဒီယာများအနေဖြင့် ထုတ်လွှင့်လျက်ရှိသည့် အစီအစဉ်များအား ခေတ္တရပ်ဆိုင်း၍ ဝမ်းနည်းခြင်းအထိမ်းအမှတ် Logo များ ထုတ်လွှင့်ခြင်း၊ သက်ဆိုင်ရာ ကိုးကွယ်သည့် ဘာသာအလိုက် ဘုရားစေတီများ၊ ဘုရားကျောင်းများ၊ ဝတ်ပြုနေရာများတွင် ဆုတောင်းမေတ္တာပို့သခြင်း၊ အန္တရာယ်ကင်းပရိတ်များ၊ ဆုတောင်းစာများရွတ်ဆိုခြင်းနှင့် အမျှအတန်းပေးဝေခြင်းတို့ကို ပြုလုပ်ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါနိုင်ငံတော်အဆင့်ဝမ်းနည်းခြင်းအထိမ်းအမှတ်နေ့ရက် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် လှုပ်ရှားမှုများကို ပြည်နယ်နှင့် တိုင်းဒေသကြီးများအလိုက် ဝန်ကြီးချုပ်များ၊ သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပြည်သူများ ပူးပေါင်းပါဝင်တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (မဝ၁)



တောင်ပိုင်းတိုင်းစစ်ဌာနချုပ်၌ နိုင်ငံတော်အဆင့် ဝမ်းနည်းခြင်းအထိမ်းအမှတ်လှုပ်ရှားမှုပြုလုပ်စဉ်။

# အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၏ နွေရာသီအခြေခံအင်္ဂလိပ်စာသင်တန်းနှင့် ကွန်ပျူတာအခြေခံသင်တန်းများ ဖွင့်လှစ်

**နေပြည်တော် ဧပြီ ၁**

အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ်၏ နွေရာသီ အခြေခံအင်္ဂလိပ်စာသင်တန်း အမှတ်စဉ် (၁/၂၀၂၅)နှင့် ကွန်ပျူတာအခြေခံသင်တန်းအမှတ်စဉ် (၁/၂၀၂၅) သင်တန်းဖွင့်ပွဲများကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ် သံလွင်ခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်ဇော်မင်းလတ်နှင့် တာဝန်ရှိသူများ၊ သင်တန်းနည်းပြဆရာ၊ ဆရာမများ၊ သင်တန်းသား၊ သင်တန်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများသည် သင်တန်းသား၊ သင်တန်းသူများကို သင်ကြားပို့ချနေမှုများအား ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အဆိုပါ သင်တန်းများကို သင်တန်းသား၊ သင်တန်းသူ ၁၀၇ ဦးဖြင့် ဧပြီ ၃၀ ရက်ထိ ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (မဝ၁)

အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၏ နွေရာသီအခြေခံအင်္ဂလိပ်စာသင်တန်းနှင့် ကွန်ပျူတာအခြေခံသင်တန်းများဖွင့်ပွဲကျင်းပစဉ်။



# ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ခံစားခဲ့ရသည့် ပြည်သူများအတွက် အလှူငွေများ ပေးအပ်လှူဒါန်းပွဲများ ကျင်းပ



ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းထံ စေတနာရှင် အလှူရှင်တစ်ဦးက ငလျင်ကြောင့် ပျက်စီးဆုံးရှုံးခဲ့ရသော ပြည်သူများအတွက် အလှူငွေများ ပေးအပ်လှူဒါန်းစဉ်။



ငလျင်ကြောင့် ပျက်စီးဆုံးရှုံးခဲ့ရသော ပြည်သူများအတွက် အလှူငွေများပေးအပ်လှူဒါန်းပွဲအခမ်းအနားတွင် ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်စဉ်။

နေပြည်တော် ဧပြီ ၁

၂၀၂၅ ခုနှစ် မတ် ၂၈ ရက်တွင် အင်အားအလွန်ပြင်းထန်သည့် မြေငလျင်လှုပ်ခတ်ခဲ့မှုကြောင့် အသက်ဆုံးရှုံးခဲ့မှုများနှင့် ပျက်စီးဆုံးရှုံးမှုများအတွက် စာနာနားလည်မှုများနှင့်အတူ ထပ်တူဝမ်းနည်းကြေကွဲရသဖြင့် ငလျင်ဘေးသင့်ပြည်သူများအတွက် အလှူငွေပေးအပ်ပွဲများကို ယနေ့တွင် ကျင်းပရာ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများ၊ တိုင်းမှူးများ၊ စေတနာရှင်အလှူရှင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့ ငလျင်ဘေးဒဏ်သင့်ပြည်သူများအတွက် အလှူရှင်များက အလှူငွေများပေးအပ်လှူဒါန်းပွဲကို ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ရှိ ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်ရာ ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ခံစားခဲ့ရသည့် ပြည်သူများအတွက် အလှူရှင်များက စုစုပေါင်းအလှူငွေကျပ် သိန်းပေါင်းနှစ်သောင်းခြောက်ထောင်ကျော်ကိုလည်းကောင်း၊ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ခရေရိပ်သာခန်းမ၌ ပြုလုပ်ရာ ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ခံစားခဲ့ရသည့်ပြည်သူများအတွက် တိုင်းစစ်ဌာနချုပ်နှင့် ကွပ်ကဲမှုအောက်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် စေတနာရှင်အလှူရှင်များက အလှူငွေကျပ် သိန်းသုံးထောင်ကျော်ကိုလည်းကောင်း၊ ကယားပြည်နယ် လွိုင်ကော်မြို့ ပြည်နယ်ခန်းမ၌ ပြုလုပ်ရာ ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ခံစားခဲ့ရသည့် ပြည်သူများအတွက် အလှူရှင်များက စုစုပေါင်းအလှူငွေကျပ် သိန်းပေါင်းခုနစ်ရာ့ရှစ်ဆယ်ကျော်ကို လည်းကောင်း၊ မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ ပြည်နယ်ခန်းမ၌ ပြုလုပ်ရာ ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ခံစားခဲ့ရသည့် ပြည်သူများအတွက် စေတနာရှင်အလှူရှင်များနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက အလှူငွေကျပ်သိန်းတစ်သောင်းကျော်ကိုလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ ပြုလုပ်ရာ ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ခံစားခဲ့ရသည့် ပြည်သူများအတွက် အလှူရှင်များက စုစုပေါင်းအလှူငွေကျပ် သိန်းပေါင်း ရှစ်ထောင်ခြောက်ရာကျော်ကို လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ ဧရာရွှေဝါခန်းမ၌ ပြုလုပ်ရာ ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ခံစားခဲ့ရသည့် ပြည်သူများအတွက် အလှူရှင်များက ငွေကျပ်သိန်းကိုးထောင်ကိုးရာကျော်နှင့် ထောက်ပံ့ပစ္စည်းများကိုလည်းကောင်း၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်ရှိ ရန်အောင်မြင်ခန်းမ၌ ပြုလုပ်ရာ ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ခံစားခဲ့ရသည့် ပြည်သူများအတွက် စေတနာရှင် အလှူရှင်များက ငွေကျပ် သိန်းနှစ်သောင်းခုနစ်ထောင်ကျော်နှင့် ထောက်ပံ့ပစ္စည်းများကိုလည်းကောင်း အသီးသီးပေးအပ်လှူဒါန်းကြရာ သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများ၊ တိုင်းမှူးများက အသီးသီးလက်ခံရယူကြသည်။

ထို့နောက် ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ခံစားခဲ့ရသည့် ပြည်သူများအတွက် အလှူငွေများ ပေးအပ်လှူဒါန်းသည့် အလှူရှင်များကို တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများ၊ တိုင်းမှူးများက ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြပြီး ကျေးဇူးတင်စကားများ ပြန်လည်ပြောကြားခဲ့ကြကြောင်း သတင်းရရှိသည်။ (ဥ၀၁)



ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်ထံ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်မင်းလတ်က ငလျင်ကြောင့် ပျက်စီးဆုံးရှုံးခဲ့ရသော ပြည်သူများအတွက် အလှူငွေများ ပေးအပ်လှူဒါန်းစဉ်။

# ရုရှား၊ အင်ဒိုနီးရှား၊ ထိုင်း၊ ဘူတန်၊ ဖိလစ်ပိုင်၊ လာအို၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့မှ ကယ်ဆယ်ရေးအဖွဲ့များနှင့် ရှာဖွေကယ်ဆယ်ရေးသုံးပစ္စည်းများ ရောက်ရှိ

နေပြည်တော် ဧပြီ ၁

နိုင်ငံတော်အစိုးရအနေဖြင့် ငလျင်ဒဏ်သင့်ဒေသများရှိ ပျက်စီးဆုံးရှုံးမှုများကို အလျင်အမြန်စုံစမ်းစစ်ဆေးပြီး အချိန်နှင့်တစ်ပြေးညီ ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည့်အပြင် နိုင်ငံတကာကလည်း လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများပေးလျက်ရှိရာ သက်ဆိုင်ရာနိုင်ငံများအလိုက် ကယ်ဆယ်ရေးအဖွဲ့များ၊ ဆရာဝန်များနှင့် သူနာပြုဆေးအဖွဲ့များ၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများ၊ ဆေးဝါးများသည် မြန်မာနိုင်ငံသို့ နေ့ရက်အလိုက် ရောက်ရှိကြသည်။

ယနေ့နံနက်ပိုင်းနှင့် မွန်းလွဲပိုင်းတို့တွင် ရုရှား၊ အင်ဒိုနီးရှား၊ ထိုင်း၊ ဘူတန်၊ ဖိလစ်ပိုင်၊ လာအို၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့မှ စုစုပေါင်း လေယာဉ် ၁၄ စင်းဖြင့် ရှာဖွေကယ်ဆယ်ရေးအဖွဲ့များနှင့်အတူ ဆရာဝန်နှင့် သူနာပြုဆေးအဖွဲ့၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများနှင့် ဆေးဝါးများသည် နေပြည်တော်ရှိ တပ်မတော်လေဆိပ်သို့ ရောက်ရှိလာကြသည်။

ယနေ့ရောက်ရှိကြသည့် နိုင်ငံအလိုက် ရှာဖွေကယ်ဆယ်ရေးအဖွဲ့များ၊ ဆရာဝန်များနှင့် သူနာပြုဆေးအဖွဲ့များကို နိုင်ငံခြားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများက လေဆိပ်၌ ကြိုဆိုခဲ့ကြပြီး အဆိုပါ ကယ်ဆယ်ရေးအဖွဲ့များသည် အဖွဲ့များခွဲ၍ ငလျင်ဒဏ်သင့်ဒေသများရှိ ပြည်သူများကို ရှာဖွေကူညီကယ်ဆယ်ရေးနှင့် ဆေးဝါးကုသရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။

(ဥ၀၁)







နိုင်ငံတကာမှ ကယ်ဆယ်ရေးအဖွဲ့များနှင့် ရှာဖွေကယ်ဆယ်ရေးသုံးပစ္စည်းများ နေပြည်တော်ရှိ တပ်မတော်လေဆိပ်သို့ ရောက်ရှိစဉ်။

# ယူအေအီးနိုင်ငံမှ ကယ်ဆယ်ရေးအဖွဲ့များနှင့် ရှာဖွေကယ်ဆယ်ရေးသုံးပစ္စည်းများ ရောက်ရှိ

နေပြည်တော် ဧပြီ ၁

နိုင်ငံတော်အစိုးရအနေဖြင့် ငလျင်ဒဏ်သင့်ဒေသများရှိ ပျက်စီးဆုံးရှုံးမှုများကို အလျင်အမြန်စုံစမ်းစစ်ဆေးပြီး အချိန်နှင့်တစ်ပြေးညီ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့်အပြင် ပြည်ပမှ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများကို လမ်းဖွင့်ပေးထားပြီးဖြစ်ရာ ယနေ့နံနက်ပိုင်းတွင် ငလျင်ဒဏ်သင့်ပြည်သူများအတွက် ယူအေအီးနိုင်ငံမှ ကယ်ဆယ်ရေးအဖွဲ့များနှင့်အတူ ရှာဖွေကယ်ဆယ်ရေးသုံးပစ္စည်းများပါဝင်သော ယူအေအီးတပ်မတော်လေယာဉ်နှစ်စင်းသည် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိကြသည်။

အဆိုပါ ကယ်ဆယ်ရေးအဖွဲ့ဝင် ဦးရေ ၄၀၊ မော်တော်ယာဉ် ငါးစီး၊ ရှာဖွေကယ်ဆယ်ရေးသုံးပစ္စည်းများပါဝင်ပြီး ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိချိန်များတွင် နိုင်ငံခြားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူတို့က ကြိုဆိုနှုတ်ဆက်၍ ငလျင်ဒဏ်သင့်ဒေသများသို့ ဆောလျင်စွာသွားရောက်နိုင်ရေး လုပ်ငန်းများပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(ဥ၀၁)

# ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်လျက်ရှိ



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ်နှင့် တာဝန်ရှိသူများ ပဲခူးတိုင်းဒေသကြီး ဖြူးမြို့ အထွေထွေရောဂါကုဆေးရုံကြီး၌ ငလျင်ဒဏ်ကြောင့် ထိခိုက်ဒဏ်ရာရရှိပြီး ဆေးရုံတက်ရောက်ကုသမှုခံယူနေသူများကို တွေ့ဆုံအားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများပေးအပ်စဉ်။



မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမျိုးမိုးအောင်နှင့် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ကိုထိုက်တို့ မန္တလေးမြို့ Sky Villa မှ အသက်ရှင်လျက် ကယ်ဆယ်လွတ်မြောက်လာသည့် မြေးအဘွားသုံးဦးကို သွားရောက်တွေ့ဆုံ အားပေးစကားပြောကြားစဉ်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ်နှင့် တာဝန်ရှိသူများ ရန်ကုန်-မန္တလေး အမြန်လမ်း(လမ်းဟောင်း) ၁၂၇ မိုင် ၅ ဖာလုံရှိ ငလျင်ဒဏ်ကြောင့် ရထားသံလမ်း ပျက်စီးမှုအခြေအနေနှင့် ပြန်လည်ပြုပြင်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမျိုးမိုးအောင်နှင့် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ကိုထိုက်တို့ မန္တလေးမြို့ မန္တလာသီရိအားကစားကွင်းတွင် ငလျင်ဒဏ်သင့် ပြည်သူများအား ယာယီဆေးရုံဖွင့်လှစ်၍ ရုရှားနိုင်ငံ ဆေးအကူအညီပေးရေးအဖွဲ့မှ ဆေးကုသပေးရန် ပြင်ဆင်ဆောင်ရွက်ထားရှိမှုနှင့် ဆေးကုသပေးနေမှုတို့ကို ကြည့်ရှုအားပေးစဉ်။



ငလျင်ဘေးဒဏ်ခံခဲ့ရသည့် ပျဉ်းမနားမြို့ ဗိုလ်ချုပ်လမ်းနှင့် ဗိုလ်တောက်ထိန်လမ်းတွင် တပ်မတော်သားများက သန့်ရှင်းရေးဆောင်ရွက်ပေးစဉ်။

**နေပြည်တော် ဧပြီ ၁**

၂၀၂၅ ခုနှစ် မတ်၂၈ ရက် အင်အားပြင်းမြေငလျင်လှုပ်ခတ်မှုကြောင့် လမ်းတံတား၊ အဆောက်အအုံများ ထိခိုက်ပျက်စီးခဲ့ရသည့်နေရာများသို့ ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို တိုင်းစစ်ဌာနချုပ်အသီးသီးမှ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ပြည်ပနိုင်ငံများမှ ကူညီကယ်ဆယ်ရေးအဖွဲ့များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုကူညီရေးအသင်း၊ အဖွဲ့များနှင့် ဒေသခံပြည်သူများပူးပေါင်း၍ အချိန်နှင့်တစ်ပြေးညီ ကူညီဆောင်ရွက်ပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမျိုးမိုးအောင်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ကိုထိုက်နှင့် တာဝန်ရှိသူများသည် မန္တလေးမြို့ Sky Villa မှ အသက်ရှင်လျက် ကယ်ဆယ်လွတ်မြောက်လာသည့် မြေးအဘွားသုံးဦးအား သွားရောက်တွေ့ဆုံ၍ ရင်းနှီးနွေးထွေးစွာ အားပေးစကားပြောကြားပြီး အာဟာရဖြည့် စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများ ပေးအပ်ခဲ့သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမျိုးမိုးအောင်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများသည် နန်းမြို့အတွင်းရှိ ငလျင်ဒဏ်သင့်၍ ပြိုကျပျက်စီးခဲ့သော နန်းမြို့ဆုတောင်းပြည့်စေတီရှိ ဂန္ဓကုဋိတိုက်နှင့် အာရုံခံတန်ဆောင်း၊ မြန်နန်းစံကျော်ရွှေနန်းတော်၏ အရှေ့ဘက်အဝင်လမ်းရှိ စွယ်တော်စင်နှင့် ပဟိုရ်စင်၊ နန်းမြို့ရိုးတို့အား အပျက်အစီးရှင်းလင်းဖယ်ရှား၍ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် လုပ်ဆောင်နေမှုများအား သွားရောက်ကြည့်ရှုအားပေးခဲ့သည်။

ဆက်လက်၍ မန္တလေးတက္ကသိုလ်၌ ငလျင်ဒဏ်ကြောင့် မီးလောင်ပြိုကျပျက်စီးခဲ့သည့် အဆောက်အအုံအပျက်အစီးများ ဖယ်ရှားရှင်းလင်းနေမှု အခြေအနေအား သွားရောက်ကြည့်ရှုပြီး ဖယ်ရှားရှင်းလင်းရေးဆောင်ရွက်နေသည့် အဖွဲ့များကို လိုက်လံအားပေးစကားပြောကြားခဲ့သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမျိုးမိုးအောင်နှင့်အဖွဲ့သည် မန္တလေးမြို့ မန္တလာသီရိအားကစားကွင်းတွင် ယာယီဆေးရုံဖွင့်လှစ်၍ ငလျင်ဒဏ်သင့်ပြည်သူများအား ရုရှားနိုင်ငံ ဆေးအကူအညီပေးရေးအဖွဲ့က ဆေးကုသပေးရန် ပြင်ဆင်ဆောင်ရွက်ထားရှိမှုနှင့် ဆေးကုသပေးနေမှုအခြေအနေများအား သွားရောက်ကြည့်ရှုအားပေး၍ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမျိုးမိုးအောင်နှင့်အဖွဲ့သည် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်သို့သွားရောက်၍ အိန္ဒိယနိုင်ငံမှ ပေးပို့လှူဒါန်းသော ငလျင်ဒဏ်သင့်ပြည်သူများအတွက် ထောက်ပံ့ပစ္စည်းများအား သွားရောက်ကြည့်ရှုကာ ကျေးဇူးတင်စကားပြောကြားပြီးလာရောက်ပေးပို့လှူဒါန်းသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ကြသည်။

ဆက်လက်၍ မဟာအောင်မြေမြို့နယ်ရှိ မစိုးရိမ်တိုက်သစ်သို့ရောက်ရှိပြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် မန္တလေးမြို့ မစိုးရိမ်တိုက်သစ် မဟာနာယက ဓမ္မသမိဒ္ဓိ ကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဘဒ္ဒန္တဓဝါသေဌာဘိဝံသအား ဖူးမြော်၍ ဩဝါဒများခံယူကာ ဆရာတော်၊ သံဃာတော်များအတွက် အိန္ဒိယနိုင်ငံအစိုးရက ပေးပို့လှူဒါန်းသည့် ထောက်ပံ့ပစ္စည်းများအား အိန္ဒိယနိုင်ငံသံရုံးအဖွဲ့ ဒုတိယအကြီးအကဲ Mr.Ashish Sharama၊ မန္တလေးမြို့အခြေစိုက် အိန္ဒိယနိုင်ငံကောင်စစ်ဝန်ချုပ်ရုံးမှ ကောင်စစ်ဝန်ချုပ် Mr. Sundeep Kaushal နှင့် တာဝန်ရှိသူများက ပေးအပ်လှူဒါန်းခဲ့ကြသည်။

ယင်းနောက် ညနေပိုင်းတွင် မန္တလေးမြို့ နန်းမြို့ရိုးအနောက်ဘက်သို့ သွားရောက်၍ စည်ရှည်တံတား၏ထိပ် လမ်း ၈၀ ဘေးတွင် ငလျင်ဒဏ်သင့် ပြည်သူများ ယာယီနေထိုင်မှု အဆင်ပြေစေရန် ရည်ရွယ်၍ တိုင်းစစ်ဌာနချုပ်မှ ရွက်ဖျင်တဲများဆောက်လုပ်ပေးနေသည့် နေရာကိုလည်းကောင်း၊ ငလျင်ဒဏ်သင့်၍ ပြိုကျပျက်စီးခဲ့သည့် Golden City ဟိုတယ်တွင် နိုင်ငံတကာရှာဖွေကယ်ဆယ်ရေးအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်နေမှုများအားလည်းကောင်း၊ ချမ်းမြသာစည် လေယာဉ်ကွင်းအဟောင်းရှိ ယာယီဆေးကုသဆောင်တွင် အိန္ဒိယနိုင်ငံ ဆေးအကူအညီပေးရေးအဖွဲ့က ဆေးကုသပေးရန် ပြင်ဆင်ဆောင်ရွက်ထားရှိမှုနှင့် ဆေးကုသပေးနေမှုများကိုလည်းကောင်း သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

အလားတူ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ်၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကြည်သိုက်နှင့် တာဝန်ရှိသူများသည် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ရှိ ငလျင်ဒဏ်ကြောင့် ပျက်စီးခဲ့သော သမိုင်းဝင် ရွှေဆံတော်စေတီတော်မြတ်ကြီးနှင့် သမိုင်းဝင် မဟာအောင်မြေရှိ ကောင်းမှုတော်စေတီတော်မြတ်ကြီးတို့၌ လူ၊ ယာဉ်၊ စက်ယန္တရားကြီးများဖြင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုများကိုလည်းကောင်း၊ တောင်ငူမြို့ရှိ ခပေါင်းတံတားပျက်စီးမှုအခြေအနေများနှင့် ရန်ကုန်-မန္တလေးအမြန်လမ်း ၁၆၅ မိုင်ရှိ ဆွာချောင်းတံတားပျက်စီးမှု အခြေအနေများနှင့် တံတားပြန်လည်ပြုပြင်နေမှု အခြေအနေများကိုလည်းကောင်း၊ ဖြူးမြို့ အထွေထွေ

**စာမျက်နှာ ၂၈ သို့**

# မြန်မာနိုင်ငံမှ မီးသတ်တပ်ဖွဲ့ဝင်များ ဇမ္ဗူသီရိမြို့နယ် ဉာဏသိဒ္ဓိရပ်ကွက်တွင် ပိတ်မိနေသူတစ်ဦးကို အောင်မြင်စွာကယ်တင်





မြန်မာနိုင်ငံမှ မီးသတ်တပ်ဖွဲ့ဝင်များ ဇမ္ဗူသီရိမြို့နယ် ဉာဏသိဒ္ဓိရပ်ကွက်တွင် ပိတ်မိနေသူတစ်ဦးကို အောင်မြင်စွာကယ်တင်နိုင်ခဲ့မှု မှတ်တမ်းဓာတ်ပုံ။

**နေပြည်တော် ဧပြီ ၁**

၂၀၂၅ ခုနှစ် မတ် ၂၈ ရက်တွင် အလွန်ပြင်းထန်သည့် မြေငလျင်လှုပ်ခတ်မှုကြောင့် ပြိုကျပျက်စီးခဲ့သော ဇမ္ဗူသီရိမြို့နယ် ဉာဏသိဒ္ဓိရပ်ကွက် တိုက်အမှတ် ၃၃၆၉ တွင် ပိတ်မိနေသော နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဝန်ထမ်းတစ်ဦး၏ ယောက္ခမတော်စပ်သူ ကျန်းမာရေးဝန်ကြီးဌာန ဌာနခွဲစာရေးကြီး(အငြိမ်းစား) ဒေါ်စန်းစန်းထွေး အသက် ၆၂ နှစ်ဖြစ်သူအား မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြတ်သူ၏ အနီးကပ်ကြီးကြပ်မှုဖြင့် ရန်ကုန်တိုင်းဒေသကြီးမီးသတ်ဦးစီးမှူး ဦးမင်းစမ်းအေး ဦးဆောင်သော မီးသတ်ဦးစီးဌာန ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များက ယနေ့ နံနက် ၈ နာရီ ၁၅ မိနစ်ခန့်မှ စတင်ကယ်ဆယ်ဆောင်ရွက်ခဲ့ရာ ၉ နာရီ ၁၅ မိနစ်ခန့်တွင် အသက်ရှင်လျက် အောင်မြင်စွာကယ်ဆယ်နိုင်ခဲ့သည်။

မီးသတ်ဦးစီးဌာန ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များအနေဖြင့် ပြည်တွင်း၊ ပြည်ပ ရှာဖွေကယ်ဆယ်ရေးအဖွဲ့များနှင့် ပူးပေါင်း၍ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ ယနေ့ထိ အသက်ရှင်လျက် အမျိုးသား ၃၃၄ ဦး၊ အမျိုးသမီး ၃၁၅ ဦး စုစုပေါင်း ၆၄၉ ဦးနှင့် သေဆုံးလျက် အမျိုးသား ၂၄၅ ဦး၊ အမျိုးသမီး ၂၅၆ ဦး စုစုပေါင်း ၅၀၁ ဦးတို့ကို ရှာဖွေကယ်ဆယ် ဆောင်ရွက်နိုင်ခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

# အွန်လိုင်းလိမ်လည်မှု(Telecom Fraud)နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသား ငါးဦးတို့ကို မြန်မာ-ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် ထပ်မံပြည်နှင့်လွှဲပြောင်းပေးအပ်

**နေပြည်တော် ဧပြီ ၁**

မြန်မာ-တရုတ်-ထိုင်း သုံးနိုင်ငံအကြား သုံးပွင့်ဆိုင် ပူးပေါင်းဆောင်ရွက်မှုပုံစံ (Trilateral Cooperation)ဖြင့် အွန်လိုင်းအသုံးပြုလိမ်လည်မှု (Online Scam)နှင့် အွန်လိုင်းလောင်းကစားမှု (Online Gambling) လုပ်ဆောင်နေကြသူများ၊ ပါဝင်ပတ်သက်သူများနှင့် နောက်ကွယ်မှကြိုးကိုင်သော ပြည်ပနိုင်ငံသားများကို ပြတ်ပြတ်သားသား စုံစမ်းဖော်ထုတ်တိုက်ဖျက်လျက်ရှိရာ ယနေ့တွင် အဆိုပါလုပ်ငန်းများ၌ ဆက်စပ်ပါဝင်ခဲ့ကြသည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသား ငါးဦးကို မြန်မာ-ထိုင်း အမှတ် (၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံသို့ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကို ရှေးရှု၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ထပ်မံ၍ ပြည်နှင်လွှဲပြောင်းပေးသည်။



အွန်လိုင်းလိမ်လည်မှု(Telecom Fraud)နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသား ငါးဦးတို့ကို တာဝန်ရှိသူများက မြန်မာ-ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် ထပ်မံပြည်နှင်လွှဲပြောင်းပေးအပ်စဉ်။

အဆိုပါ ပြည်နှင်လွှဲပြောင်းပေးမှုလုပ်ငန်းများ စနစ်တကျရှိစေရေးနှင့် အဆင်ပြေချောမွေ့စေရေးအတွက် ကရင်ပြည်နယ်လူမှုရေးရာဝန်ကြီး ဦးစောထွန်းအောင်က လိုက်လံကြည့်ရှုစစ်ဆေးပြီး ဌာနဆိုင်ရာ တာဝန်ရှိသူများအား လိုအပ်သည်များ ဖြည့်စွက်မှာကြားကာ ပေါင်းစပ်ညှိနှိုင်းမှုများ ဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်နှင်လွှဲပြောင်းပေးအပ်ပွဲကိုကျင်းပခဲ့ရာ ကရင်ပြည်နယ် လူမှုရေးရာဝန်ကြီး ဦးစောထွန်းအောင်နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်သံရုံးမှ ကောင်စစ်ဝန် Mr. Md. Fahad. Pervez. Bosunia နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ တာ့ခ်ခရိုင် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူတို့က သက်ဆိုင်ရာနိုင်ငံမှ တာဝန်ရှိသူထံသို့ ပြည်နှင်လွှဲပြောင်းလက်ခံရေး ဆိုင်ရာ အထောက်အထားစာရွက်စာတမ်းများကို စနစ်တကျလွှဲပြောင်းပေးအပ်သည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ ဧပြီ ၁ ရက်ထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၈၇၂၄ ဦးကို စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၆၃၀၂ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျလွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၂၄၁၂ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အစိုးရအနေဖြင့် တရားမဝင် အွန်လိုင်းလိမ်လည်မှုလုပ်ငန်းများအား စုံစမ်းဖော်ထုတ်စစ်ဆေး၍ထိရောက်စွာအရေးယူဆောင်ရွက်လျက်ရှိပြီး အထူးသဖြင့် မြန်မာနိုင်ငံ၏နယ်စပ်ဒေသများတွင် ဖြစ်ပေါ်လျက်ရှိသည့် အွန်လိုင်းလောင်းကစားမှုနှင့် ငွေကြေးလိမ်လည်မှုလုပ်ငန်းများအား အမျိုးသားရေးအသွင်ဖြင့် အိမ်နီးချင်းနိုင်ငံများအပါအဝင် နိုင်ငံတကာမှအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ စုံစမ်းဖော်ထုတ် အရေးယူမှုများကို ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(၅၀၁)

**စာမျက်နှာ ၂၇ မှအဆက်**

အုပ်ချုပ်ရေးဦးစီးဌာန၊ ဖြူးမြို့ အထွေထွေရောဂါကုဆေးရုံကြီးနှင့် ဖြူးမြို့ ဘူတာရုံ၊ ရန်ကုန်-မန္တလေး အမြန်လမ်း (လမ်းဟောင်း) ၁၂၇ မိုင် ၅ ဖာလုံရှိ ပျက်စီးသွားသောတံတားများ ပြန်လည်ပြင်ဆင်နေမှု၊ ရန်ကုန်- မန္တလေး အမြန်လမ်း ၁၁၄ မိုင်ရှိ ဖြူးချောင်းတံတား ပြန်လည်ပြုပြင်နေမှုနှင့် အုတ်တွင်းမြို့ ဘူတာရုံ၌ ရထားသံလမ်းများ ပျက်စီးနေမှု အခြေအနေများကိုလည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးပြီး အလှူငွေများ ပေးအပ်လှူဒါန်းခဲ့သည်။

ထို့ပြင် နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ်၊ ပျဉ်းမနားမြို့နယ်၊ လယ်ဝေးမြို့နယ်နှင့် ဥတ္တရသီရိမြို့နယ်တို့ရှိ ငလျင်ဒဏ်ကြောင့်ပျက်စီးခဲ့သည့်နေရာများ၌လည်းကောင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ် ရှေးဟောင်းသမိုင်းဝင် သီရိမင်္ဂလာရွှေချမ်းသာမွေတော်ဘုရားကြီး၌ လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအတွင်း ငလျင်ဒဏ်ကြောင့်ပျက်စီးခဲ့သည့် နေရာများ၌ လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ငလျင်ဒဏ်ကြောင့်ပျက်စီးခဲ့သည့် နေရာများ၌လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးအတွင်း ငလျင်ဒဏ်ကြောင့် ပျက်စီးခဲ့သည့် နေရာများ၌လည်းကောင်း ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးပြီး ဒဏ်ရာရရှိကြသည့် ဒေသခံပြည်သူများအား ဆေးကုသရေးလုပ်ငန်းများ ဆောင်ရွက်ပေးကြသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို တိုင်းဒေသကြီးအလိုက် ဝန်ကြီးချုပ်များ၊ သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှု၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးပြီး ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သည့် စေတီပုထိုးများ ပြုပြင်မွမ်းမံရန်အတွက် အလှူငွေများ ပေးအပ်လှူဒါန်းခြင်း၊ ငလျင်ဒဏ်ကြောင့် ထိခိုက်ဒဏ်ရာရရှိ၍ ဆေးရုံတက်ရောက်ကုသမှုခံယူနေသူများအား သွားရောက်ကြည့်ရှုအားပေးခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

ထို့ပြင် အနယ်နယ်အရပ်ရပ်မှ စေတနာရှင် ပြည်သူများကလည်း ငလျင်ဒဏ်သင့်ပြည်သူများအား ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေသူများနှင့် ငလျင်ဒဏ်သင့်ပြည်သူများ စားသောက်ရေးအဆင်ပြေစေရေးအတွက် အစားအသောက်များ ချက်ပြုတ်၍ ထမင်း၊ ဟင်းများ လှူဒါန်းခြင်း၊ သောက်ရေသန့်နှင့် အသုံးအဆောင်ပစ္စည်းများ လှူဒါန်းခြင်းနှင့် အလှူငွေများ ပေးအပ်လှူဒါန်းခြင်းတို့ကိုလည်း ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ (၅၀၁)

# လျှင်ဘေးဒဏ်သင့်ပြည်သူများအတွက် ပြည်တွင်း၊ ပြည်ပစေတနာရှင်ပြည်သူများက အလှူငွေနှင့် အလှူပစ္စည်းများ လှူဒါန်းနိုင်ရေး အသိပေးကြေညာခြင်း

၁။ ၂၈-၃-၂၀၂၅ ရက်တွင် မြန်မာနိုင်ငံပြည်တွင်း မန္တလေးမြို့အနီးကို ဗဟိုပြုလှုပ်ခတ်ခဲ့သော အင်အားပြင်းငလျင်ဘေးဒဏ်သင့်ပြည်သူများအတွက် ပြည်တွင်း၊ပြည်ပစေတနာရှင်ပြည်သူများအနေဖြင့် အလှူငွေနှင့်အလှူပစ္စည်းများ ပါဝင်လှူဒါန်းနိုင်ပါသည်။

၂။ အလှူငွေများကို မိုဘိုင်းငွေပေးချေမှုစနစ်ဖြင့် လှူဒါန်းလိုပါက KBZ Pay, CB pay, AYA Pay. OK$, Wave Moneyတို့၏ QR code များကို Scan ဖတ်၍လည်းကောင်း၊ KBZ Pay QR code နံပါတ် 70157401001 သို့လည်းကောင်း၊ Wave Money ဖြင့် လှူဒါန်းလိုပါက ဖုန်းနံပါတ်(၀၉-၂၅၅၀၀၁၅၄၂ နှင့် ၀၉-၂၅၅၀၀၁၅၄၃) တို့သို့ တိုက်ရိုက်ပေးသွင်း၍လည်းကောင်း လှူဒါန်းခြင်းများဆောင်ရွက်နိုင်ပါသည်။

၃။ ဘဏ်များမှလှူဒါန်းလိုပါက မြန်မာကျပ်ငွေကို မြန်မာ့စီးပွားရေးဘဏ် နေပြည်တော်တွင် ငွေစာရင်းအမှတ် OA-011834 ကိုဖွင့်လှစ်ထားပြီး အောက်ပါနည်းလမ်းများဖြင့် လှူဒါန်းနိုင်ပါသည်-

(က) မြန်မာ့စီးပွားရေးဘဏ် နေပြည်တော်ဘဏ်ခွဲတွင် တိုက်ရိုက်ဖြစ်စေ၊ အခြားမြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲများနှင့်ပုဂ္ဂလိကဘဏ်၊ ဘဏ်ခွဲများအားလုံးတို့မှတစ်ဆင့်ဖြစ်စေ ငွေသားဖြင့်ပေးသွင်းလှူဒါန်းနိုင်ပါသည်။

(ခ) ပြည်တွင်းရှိ နိုင်ငံပိုင်၊ ပုဂ္ဂလိကပိုင်ဘဏ်များတွင် ဖွင့်လှစ်ထားသော ကျပ်ငွေစာရင်းများမှ စာရင်းပြောင်း(Account transfer)နည်းလမ်းဖြင့် လှူဒါန်းနိုင်ပါသည်။

၄။ နိုင်ငံခြားငွေဖြင့် လှူဒါန်းလိုပါက မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ် ရန်ကုန်မြို့တွင်ငွေစာရင်းအမှတ် (0111284000000063)ဖွင့်လှစ်ထားပြီး အောက်ပါနည်းလမ်းများဖြင့် လှူဒါန်းနိုင်ပါသည်-

(က) မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်တွင် အမေရိကန်ဒေါ်လာ၊ ယူရို၊ စင်ကာပူဒေါ်လာ ငွေသားတို့ဖြင့် တိုက်ရိုက်ပေးသွင်းလှူဒါန်းနိုင်ပါသည်။

(ခ) ပြည်တွင်း၊ ပြည်ပမှ နိုင်ငံခြားငွေဖြင့် လှူဒါန်းလိုသူများ အနေဖြင့်-

- SWIFT CODE/BIC – MFTBMMMY
- Beneficiary Name – Natural Disaster Management Fund
- Beneficiary A/C No – 0111284000000063 သို့လှူဒါန်းနိုင်ပါသည်။

၅။ ၎င်းပြင် နိုင်ငံခြားငွေဖြင့် လှူဒါန်းလိုသူများသည် မြန်မာ့စီးပွားရေးဘဏ် နေပြည်တော်တွင်ဖွင့်လှစ်ထားသည့် နိုင်ငံခြားငွေစာရင်းအမှတ်(EDN-600018)သို့လည်း အောက်ပါနည်းလမ်းများဖြင့် လှူဒါန်းနိုင်ပါသည်-

(က) မြန်မာ့စီးပွားရေးဘဏ်တွင် အမေရိကန်ဒေါ်လာ၊ ယူရို၊ စင်ကာပူဒေါ်လာငွေသားတို့ဖြင့် တိုက်ရိုက်ပေးသွင်းလှူဒါန်းနိုင်ပါသည်။

(ခ) မြန်မာ့စီးပွားရေးဘဏ်တွင် နိုင်ငံခြားငွေစာရင်းရှိသူများမှ စာရင်းပြောင်း(Account Transfer) နည်းလမ်းဖြင့် လှူဒါန်းနိုင်ပါသည်။

(ဂ) ပြည်တွင်းပြည်ပမှ နိုင်ငံခြားငွေဖြင့် လှူဒါန်းလိုသူများအနေဖြင့် -

- SWIFT CODE – MYEBMMMY
- Beneficiary Name – Natural Disaster Management Fund
- Beneficiary A/C No – EDN-600018 သို့ လှူဒါန်းနိုင်ပါသည်။

၆။ အလှူငွေနှင့်အလှူပစ္စည်းများ လှူဒါန်းလိုသူများအနေဖြင့် အောက်ပါပုဂ္ဂိုလ်များသို့ ဆက်သွယ်မေးမြန်းလှူဒါန်းနိုင်ပါသည် -

| နေပြည်တော် | ရန်ကုန်မြို့ | မန္တလေးမြို့ |
|---|---|---|
| ဒေါ်လဲ့လဲ့အေး<br>ညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၅၀<br>၀၉-၂၀၂၀၄၆၁ | ဦးသန်းစိုး<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီး<br>ဦးစီးမှူးရုံး<br>၀၉-၂၅၀၁၂၃၈၈၅ | ဦးအေးမင်းသူ<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>မန္တလေးတိုင်းဒေသကြီး<br>ဦးစီးမှူးရုံး<br>၀၉-၄၂၀၇၀၈၈၂၇ |
| ဦးဝင်းရွှေ<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၄၈<br>၀၉-၂၅၄၁၇၀၀၁၁ | ဒေါ်သန်းသန်းဝင်း<br>ဒုတိယညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီး<br>ဦးစီးမှူးရုံး<br>၀၉-၄၂၀၇၄၀၁၆၀ | ဒေါ်သက်သက်အေး<br>ဒုတိယညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>မန္တလေးတိုင်းဒေသကြီး<br>ဦးစီးမှူးရုံး<br>၀၉-၄၀၀၅၀၂၀၅၆ |
| ဒေါ်ဖြူဖြူဝင်း ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၃၁၆<br>၀၉-၄၃၀၅၄၈၄၄ | - | - |

၇။ အလှူပစ္စည်းများကို အောက်ပါအတိုင်းဆက်သွယ်ပေးပို့လှူဒါန်းနိုင်ပါသည်-

(က) သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များသို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

(ခ) ရုံးအမှတ်(၂၃)၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ နေပြည်တော်။

(ဂ) ဗဟိုသိုလှောင်ရုံ(ရန်ကုန်မြို့)၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၊ အမှတ်(၃)ရပ်ကွက်၊ ကျိုက်ဝိုင်းဘုရားလမ်း၊ ရန်ကုန်မြို့။

(ဃ) ဗဟိုသိုလှောင်ရုံ(မန္တလေးမြို့)၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၊ ၆၅ လမ်း၊ ၃၄ x ၃၅ ကြား၊ ပြည်ကြီးမျက်ရှင်ရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ**













# ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ရသူများ

**ကင်းလွတ်ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ-၂၂ တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းတာဝန်မှ ကင်းလွတ်စေရမည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) သာသနာ့ဝန်ထမ်းများ။

(ခ) အိမ်ထောင်သည်အမျိုးသမီးများ(အိမ်ထောင်ပျက်သော်လည်း သားသမီးရှိသူ အမျိုးသမီးလည်းပါဝင်သည်)။

(ဂ) ကိုယ်လက်အင်္ဂါတစ်ခုခု အမြဲတမ်းမသန်စွမ်းသူများ။

(ဃ) တပ်မတော်ဆေးစစ်ဆေးရေးဘုတ်အဖွဲ့က ပြည်သူ့စစ်မှုထမ်းရန် အမြဲတမ်းမသင့်လျော်သူဖြစ်ကြောင်း သတ်မှတ်ထားသူများ။

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က အမိန့်ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ပြုသူများ

(က) ဥက္ကဋ္ဌအရည်အသွေးမမီခြင်းနှင့် အကျင့်စာရိတ္တပျက်ပြားခြင်းတို့ကြောင့် စစ်မှုထမ်းရန် မသင့်လျော်သူများ။

(ခ) ဆေးစစ်ဆေးခြင်းသတ်မှတ်ချက်အရ စိတ်ပေါ့သွပ်သူဖြစ်ခြင်း(သို့မဟုတ်)စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေကပြဋ္ဌာန်းထားသည့်အတိုင်းသတ်မှတ်ခံရသူများ။

(ဂ) နိုင်ငံ့အတွက် တာဝန်ထမ်းဆောင်နေပြီး အစားထိုးရန်မဖြစ်နိုင်သေးသော အသိပညာရှင်(သို့မဟုတ်) အတတ်ပညာရှင်များ။

(ဃ) တိုက်ပွဲတွင်ကျဆုံးခဲ့သည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၏ သားသမီးအရင်းအချာများ (ကိုတ္တိမသားသမီးများ၊ မွေးစားသားသမီးများမပါ)။

**မှတ်ချက်။** အကယ်၍ ၎င်းသားသမီးအရင်းများသည် ပြည်သူ့စစ်မှုထမ်းဆောင်ရန် သဘောဆန္ဒလျှောက်ဆန္ဒပြုပါက စစ်မှုထမ်းဆောင်ရန် ခွင့်ပြုနိုင်သည်။

(င) အားဆီယံအဆင့်၊ အာရှအဆင့်၊ ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင် ရွှေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ် တစ်ခုခုရရှိသော အားကစားသမားများ။

(စ) နိုင်ငံ့ဝန်ထမ်းတာဝန် ထမ်းဆောင်နေသော တစ်ဆက်စပ်တည်း လုပ်သက် နှစ်နှစ်နှင့်အထက်ရှိသော ဆရာဝန်နှင့်သူနာပြုများ။

(ဆ) တစ်ဆက်စပ်တည်း လုပ်သက် နှစ်နှစ်နှင့်အထက်ရှိသော တပ်မတော်စစ်သည် အစားခန့်အရပ်သားဝန်ထမ်းများ။

(ဇ) ကင်းလွတ်ခွင့်ပြုရန် မဖြစ်မနေလိုအပ်နေသူများအားဖြစ်ကျိုးကြောင်းခိုင်လုံစွာ တင်ပြနိုင်သူများ။

# ကွင်းစလန်းပြည်နယ် ရေဘေးသင့်ပြည်သူများကို ဩစတြေးလျတပ်မတော်သားများက ဘေးလွတ်ရာရွှေ့ပြောင်းပေး



**ကင်ဘာရာ မေ ၁**

ဩစတြေးလျနိုင်ငံ ကွင်းစလန်းပြည်နယ်တွင် မိုးသည်းထန်စွာ ရွာသွန်းခဲ့ပြီးနောက် ရေကြီးရေလျှံမှုများဖြစ်ပေါ်နေပြီး ရေဘေးသင့်ပြည်သူတချို့ ဘေးလွတ်ရာရွှေ့ပြောင်းနေရကာ အန္တရာယ်ဇုန်အတွင်းမှဒေသခံများကို ဩစတြေးလျ တပ်မတော်သားများက ဘေးလွတ်ရာ ရွှေ့ပြောင်းရာတွင် ကူညီပေးလျက်ရှိကြောင်း ကွင်းစလန်းပြည်နယ် အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု မတ် ၃၁ ရက် သတင်းများတွင် ဖော်ပြထားသည်။

ရေကြီးရေလျှံမှုသည် အသက်အန္တရာယ်ကို ခြိမ်းခြောက်နိုင်သည့် အခြေအနေဖြစ်သည့်အတွက် ဖက်ဒရယ်အစိုးရက ကယ်ဆယ်ရေးလုပ်ငန်းများတွင် တပ်မတော်သားများကို စေလွှတ်ပေးရန်ဆုံးဖြတ်ခဲ့၍ ရေဘေးသင့်ပြည်သူများကို တပ်မတော်သားများက ကူညီပေးလျက်ရှိကြောင်း၊ ကယ်ဆယ်ရေးလုပ်ငန်းများကို တပ်မတော်သားများ ဆောင်ရွက်ပေးရေးအတွက် ဩစတြေးလျ အရေးပေါ်စီမံခန့်ခွဲရေးဝန်ကြီး မက်အလစ်စတာက ဖက်ဒရယ်အစိုးရထံ တောင်းဆိုခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"ကွင်းစလန်းပြည်နယ်ထဲက ရေဘေးသင့်ဒေသတွေမှာ ဒေသခံတွေ၊ စိုက်ပျိုးရေးနဲ့ မွေးမြူရေးသမားတွေ တော်တော်အခက်တွေ့နေကြတယ်။ စိုက်ခင်းအမြောက်အမြားပျက်စီးခဲ့သလို မွေးမြူရေးလုပ်ငန်းတွေမှာလဲ တိရစ္ဆာန်တွေကို အစာကျွေးဖို့၊ စားကျက်လွှတ်ဖို့ အခက်တွေ့နေတယ်။ အန္တရာယ်ဇုန်အတွင်းက ပြည်သူတွေကိုလဲ အမြန်ဆုံးဘေးလွတ်ရာရွှေ့ပြောင်းပေးဖို့လိုအပ်တဲ့အတွက် ဖက်ဒရယ်အစိုးရကိုအကူအညီတောင်းခဲ့တာဖြစ်ပါတယ်။ ဖက်ဒရယ်အစိုးရကလဲ ချက်ချင်းစေလွှတ်ပေးခဲ့ပါတယ်" ဟု ဩစတြေးလျအရေးပေါ်စီမံခန့်ခွဲရေးဝန်ကြီး မက်အလစ်စတာက ပြောကြားခဲ့သည်။

Ref : Sputnik News

Trs : Sai Sat

# ကနေဒါနိုင်ငံ ပြည်နယ်တချို့တွင် နှင်းမုန်တိုင်းကြောင့် လျှပ်စစ်မီး ပြတ်တောက်မှုများ ဖြစ်ပေါ်ခဲ့

**အော့တဝါ ဧပြီ ၁**

ကနေဒါနိုင်ငံ ပြည်နယ်တချို့တွင် မတ် ၃၀ ရက်က နှင်းမုန်တိုင်းဝင်ရောက်တိုက်ခတ်ခဲ့ပြီး သစ်ပင်၊ သစ်ကိုင်းကြီးများ လျှပ်စစ်ဓာတ်ကြိုးများပေါ်သို့ ကျိုးကျခဲ့သဖြင့် လျှပ်စစ်မီးပြတ်တောက်မှုများဖြစ်ပေါ်ခဲ့ကြောင်း ကနေဒါ သဘာဝပတ်ဝန်းကျင်ဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်ဟု မတ် ၃၁ ရက်သတင်းများတွင် ဖော်ပြထားသည်။

နှင်းမုန်တိုင်းသည် အွန်တေးရီးယိုးပြည်နယ်၊ ကွီဘက်ပြည်နယ်တို့သို့ ဖြတ်သန်းတိုက်ခတ်ခဲ့ခြင်းဖြစ်ပြီး နေအိမ် ၃၀၀၀၀၀ ကျော် လျှပ်စစ်မီး ပြတ်တောက်မှုဖြင့် ရင်ဆိုင်နေရကြောင်း၊ လျှပ်စစ်မီးပြန်လည်ရရှိရေးအတွက် နှင်းမုန်တိုင်းကြောင့် ကျိုးကျခဲ့သော သစ်ပင်၊ သစ်ကိုင်းများကိုရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပြီး ရှင်းလင်းရေးလုပ်ငန်းများဆောင်ရွက်မှုအပြီး ၄၈ နာရီအတွင်း လျှပ်စစ်မီးပြန်လည်ရရှိရေးအတွက် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း လျှပ်စစ်မီးဖြန့်ပေးသော ကုမ္ပဏီဖြစ်သည့် Hydro One ကုမ္ပဏီက ထုတ်ပြန်ခဲ့သည်။

"နှင်းမုန်တိုင်း တိုက်ခတ်မှုကြောင့် သစ်ပင်၊ သစ်ကိုင်းတချို့ဟာ ဓာတ်ကြိုးတွေပေါ်ကို ကျိုးကျခဲ့တယ်။ ဓာတ်ကြိုးတွေကို အမြန်ဆုံးရှင်းလင်းသွားမယ်။ ရှင်းလင်းရေးလုပ်ငန်းတွေ ဆောင်ရွက်ပြီးမှပဲ လျှပ်စစ်ဓာတ်အားပြန်လည်ရရှိဖို့အတွက် ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်"ဟု Hydro One ကုမ္ပဏီမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

Ref : Russia Today

Trs : Sai Sat

# တောင်ပစိဖိတ်သမုဒ္ဒရာရှိ တွန်ဂါကျွန်းနိုင်ငံတွင် ပြင်းအား ၇ မဂ္ဂနီကျူးရှိ ငလျင်လှုပ်ခတ်မှုဖြစ်ပွား

**နူကူအာလိုဖာ ဧပြီ ၁**

တောင်ပစိဖိတ်သမုဒ္ဒရာရှိ ကျွန်းနိုင်ငံ တစ်နိုင်ငံဖြစ်သော တွန်ဂါကျွန်းနိုင်ငံတွင် မတ် ၃၀ ရက်က ပြင်းအား ၇ မဂ္ဂနီကျူးရှိသည့် ငလျင်လှုပ်ခတ်မှုဖြစ်ပွားခဲ့ကြောင်း တွန်ဂါမိုးလေဝသဦးစီးဌာနက ထုတ်ပြန်ခဲ့သည်ဟု မတ် ၃၁ ရက် သတင်းများတွင် ဖော်ပြထားသည်။



ငလျင်သည် တွန်ဂါကျွန်းနိုင်ငံ၏ မြို့တော်ဖြစ်သည့် နူကူအာလိုဖာမြို့အနီးတွင် ဗဟိုပြုလှုပ်ခတ်ခဲ့ခြင်းဖြစ်ပြီး ငလျင်လှုပ်ခတ်မှုအပြီး ပျက်စီးမှုနှင့် ထိခိုက်ဒဏ်ရာရရှိသူစာရင်းကို မသိရသေးကြောင်း၊ တာဝန်ရှိသူများက ငလျင်ဗဟိုပြု လှုပ်ခတ်ခဲ့သော ဧရိယာနှင့် ငလျင်လှိုင်းဒဏ်သင့်ဧရိယာများသို့ သွားရောက်စစ်ဆေးမှုပြုလုပ်လျက်ရှိကြောင်း တွန်ဂါ မိုးလေဝသဦးစီးဌာနက ထုတ်ပြန်ခဲ့သည်။

"တွန်ဂါနိုင်ငံမှာ မတ် ၃၀ ရက်က ပြင်းအား ၇ မဂ္ဂနီကျူးရှိတဲ့ ငလျင်လှုပ်ခတ်ခဲ့ပါတယ်။ ပြင်းအားများတဲ့အတွက် ဆူနာမီလှိုင်းသတိပေးချက်ထုတ်ပြန်ခဲ့ပါတယ်။ ဒါပေမဲ့ နာရီပိုင်းအကြာမှာ တိုင်းတာရရှိခဲ့တဲ့ အချက်အလက်တွေအရ ဆူနာမီလှိုင်းအန္တရာယ်ဖြစ်ပေါ်လာနိုင်ဖွယ် မရှိတဲ့အတွက် သတိပေးချက်ကို ပြန်လည်ရုပ်သိမ်းခဲ့ပါတယ်။ မြေငလျင်နောက်ဆက်တွဲ ဆူနာမီလှိုင်းအခြေအနေကို သုတေသီတွေ စောင့်ကြည့်ပေးနေပါတယ်။ လောလောဆယ်တော့ အခြေအနေတည်ငြိမ်ပါတယ်"ဟု တွန်ဂါမိုးလေဝသဦးစီးဌာန၏ ညွှန်ကြားရေးမှူးဖြစ်သူ လိုင်တီယာက ပြောကြားခဲ့သည်။

Ref : Sputnik News

Trs : Sai Sat

# ဂူရူဂရမ်မြို့တွင် နှစ်စဉ်ရင်ဆိုင်နေရသည့် ရေကြီးရေလျှံမှုကို အမြန်ဆုံးဖြေရှင်းရန် ဝန်ကြီးအင်ဒါဂျစ်ဆင်းဟ် ပြောကြား

**နယူးဒေလီ ဧပြီ ၁**

အိန္ဒိယနိုင်ငံ ဟာယာနာပြည်နယ်ရှိ ဂူရူဂရမ်မြို့တွင် နှစ်စဉ် ရေဘေးအန္တရာယ်ဖြင့် ရင်ဆိုင်နေရသည့်ပြဿနာနှင့် ပတ်သက်ပြီး အမြန်ဆုံး ဖြေရှင်းရန်အတွက် စာရင်းအင်းနှင့် စီမံကိန်းများ အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်ရေး ဝန်ကြီး အင်ဒါဂျစ်ဆင်းဟ်က ပြောကြားခဲ့ကြောင်း မတ် ၃၁ ရက် သတင်းများတွင် ဖော်ပြထားသည်။

ဂူရူဂရမ်မြို့တွင် နှစ်စဉ် ရေဘေးအန္တရာယ်ဖြင့် ရင်ဆိုင်နေရခြင်းနှင့်ပတ်သက်ပြီး ပြည်ထောင်စုဝန်ကြီး အင်ဒါဂျစ်ဆင်းဟ်က မတ် ၃၀ ရက်တွင် အစည်းအဝေးတစ်ရပ် ကျင်းပပြုလုပ်ကာ ဂူရူဂရမ်မြို့ ရေကြီးရေလျှံမှုပြဿနာကို အမြန်ဆုံးဖြေရှင်းရန်အတွက် ဝန်ကြီးအနေဖြင့် လိုအပ်သောအကူအညီများ ပေးအပ်သွားမည်ဖြစ်ကြောင်း၊ ထို့ပြင် ဘတ်ဂျက်အနေဖြင့် ရူပီးကုဋေနှင့်ချီရရှိရေးအတွက် ကူညီပေးသွားမည်ဖြစ်ကြောင်း ဝန်ကြီး အင်ဒါဂျစ်ဆင်းဟ်က ပြောကြားခဲ့ကြောင်း သိရသည်။


ဂူရူဂရမ်မြို့သည် အိန္ဒိယနိုင်ငံအတွက်အရေးပါသည့် နည်းပညာမြို့တော်ဖြစ်ပြီး မြို့အတွင်းရေနုတ်မြောင်းစနစ်များ ပြန်လည်ပြင်ဆင်ရေးကို အမြန်ဆုံးဆောင်ရွက်သွားရန်၊ ထို့ပြင် မြို့တော်သန့်ရှင်းသာယာလှပရေးနှင့် စနစ်တကျရှိစေရေးအတွက်လည်း ကားပါကင်များ စနစ်တကျတည်ဆောက်သွားရန်၊ သဘာဝပတ်ဝန်းကျင်ကို ထိခိုက်စေနိုင်သော ဘန်ဝါရီဖို့မြေနေရာကိုလည်း ပြင်ဆင်မွမ်းမံမှုများပြုလုပ်သွားရန်၊ အများပြည်သူသယ်ယူပို့ဆောင်ရေးကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဘတ်စကားမှတ်တိုင်အသစ်များ ထပ်မံဆောက်လုပ်သွားရန် လိုအပ်သည်ဟု အင်ဒါဂျစ်ဆင်းဟ်က ဂူရူဂရမ်မြို့ အာဏာပိုင်အဖွဲ့အစည်းကို တိုက်တွန်းပြောကြားခဲ့ကြောင်း သိရသည်။

Ref : Russia Today

Trs : Sai Sat

## ငလျင်ဘေးအတွက်ကြိုတင်ပြင်ဆင်ရန်များ

၁။ မိမိနေထိုင်ရာနေရာသည် မည်သည့်ငလျင်ဇုံတွင် ကျရောက်သည် မည်ကဲ့သို့ ပြင်ဆင်ထားသင့်သည်ကို လေ့လာထားပါ။



၂။ ဘေးကင်းလုံခြုံသောနေရာ၊လမ်းကြောင်းများကို သတ်မှတ်ထားပါ။ငလျင်လှုပ်နေချိန်တွင်ပြုမူနေထိုင်ရမည့် နည်းလမ်းများကို မိသားစုဝင်များအား အသိပေး လေ့ကျင့်ထားပါ။



၃။ ပြိုကျ၊ ပြုတ်ကျ၊ ကွဲရှနိုင်သော ပစ္စည်းများ၊ တွဲလောင်းကျနေသော အရာများကို အန္တရာယ်မဖြစ်စေရန် မြဲမြံအောင် ပြုလုပ်ထားပါ။



၄။ မိသားစုသုံး အရေးပေါ်ပစ္စည်းများ၊အရေးကြီး စာရွက်စာတမ်းများကို ကြိုတင်ပြင်ဆင်ထားပါ။

၅။ မိမိအိမ်၏ ခိုင်ခံ့ မှုကို ပုံမှန်စစ်ဆေးပြီးတောင့်တင်းခိုင်မာအောင်ပြုလုပ်ထားပါ။












"အဂတိပယ်ခွာ ပြည်သာယာ"

Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့ တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

### လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာသုခနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)။ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm၊
Website Address – http://www.accm.gov.mm

လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ
လိုအပ်သည်ဟု ခံစားနေရပါက
သတင်းအချက်အလက်မျှဝေရာစင်တာသို့
ဆက်သွယ်နိုင်ပါသည်။

ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
အမှတ်(၆၅)၊ ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၁၉ (ရုံးချိန်အတွင်း)

**နိုင်ငံတစ်ဝန်း**

**စိမ်းလန်းဖို့**

**သစ်ပင်စိုက်ပျိုး**

**ထိန်းသိမ်းစို့။**

- ❖ "ပညာ"ဆိုသည်မှာ အမှားအမှန်၊ အကောင်းအဆိုး၊ အကြောင်းအကျိုးကို ဝေဖန်ပိုင်းခြားနိုင်သည့် "အသိဉာဏ်" ရရှိစေ...
- ❖ နိုင်ငံသားတိုင်း "အသိဉာဏ်ပညာ" ပြည့်စုံမှသာ နိုင်ငံအကျိုးသယ်ပိုးနိုင်သည့် "စစ်မှန်သည့်အင်အား"တစ်ရပ်ကို ထူထောင်နိုင်မည်ဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ် ဇူလိုင် ၂၂ ရက်တွင် ပြုလုပ်သော ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဘာသာစုံဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား၊ ကျောင်းသူများကို ဂုဏ်ပြုဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သောစိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့်ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ငလျင်ဘေးဒဏ်ကြောင့် မာရဝိဇယရုပ်ပွားတော်မြတ်ကြီးနှင့် ဗုဒ္ဓဥယျာဉ်ပရိဝုဏ်တော်အတွင်းရှိ သာသနိကအဆောက်အအုံများ ထိခိုက်ပျက်စီးမှုအား သွားရောက်ကြည့်ရှုစစ်ဆေး လိုအပ်သည်များလမ်းညွှန်မှာကြား

**ဆင်းတုတော်ကြီးနှင့် ပလ္လင်တော်ကြီးတို့အနေဖြင့် တိမ်းစောင်းခြင်း၊ နိမ့်ကျခြင်း၊ တွဲဆက်ထားသည့်အပိုင်းများ ကွဲအက်ခြင်းတို့ လုံးဝမရှိကြောင်းနှင့် အခြားသာသနိကအဆောက်အအုံများတွင် ထိခိုက်ပျက်စီးမှုအနည်းငယ်သာရှိခဲ့သည်ကို စစ်ဆေးတွေ့ရှိရ**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ငလျင်ဘေးဒဏ်ကြောင့် မာရဝိဇယရုပ်ပွားတော်မြတ်ကြီးနှင့် ဗုဒ္ဓဥယျာဉ်ပရိဝုဏ်တော်အတွင်းရှိ သာသနိကအဆောက်အအုံများ ထိခိုက်ပျက်စီးမှုအား ကြည့်ရှုစစ်ဆေးစဉ်။

နေပြည်တော် ဧပြီ ၁

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် အဖွဲ့ဝင်များ လိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေနေပြည်တော် ဒက္ခိဏသီရိမြို့နယ်အတွင်း တည်ထားကိုးကွယ်ထားရှိသည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံး ဖြစ်တော်မူသော မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် ဗုဒ္ဓဥယျာဉ် ပရိဝုဏ်တော်အတွင်းရှိ သာသနိကအဆောက်အအုံများ ထိခိုက်ပျက်စီးမှုအခြေအနေများကို

စာမျက်နှာ ၁၉ ကော်လံ ၁ ☆

